ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

CESR

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)

အနှစ်ချုပ်









ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန



အမျိုးသားပညာရေး
မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)

အနှစ်ချုပ်

၂၀၁၆ ခုနှစ်

ဥယျောဇဉ်
စာ-၆

၁
နိဒါန်း
စာ-၉





၄
မကြာမြင့်သေးသည့်နှစ်များအတွင်း
ပညာရေးမူဝါဒပြုပြင်ပြောင်းလဲမှုအပေါ်
ခြုံငုံသုံးသပ်ချက်
စာ-၁၄

၅
အမျိုးသားပညာရေးစနစ်၏
မကြာမြင့်သေးသည့်နှစ်များအတွင်း
အောင်မြင်ဖြစ်ထွန်းမှုများ
စာ-၁၇



၇
အမျိုးသားပညာရေး
မဟာဗျူဟာစီမံကိန်းရေးဆွဲရာတွင်
အခြေခံသည့်မူများ
စာ-၂၅

၈
အမျိုးသားပညာရေး
မဟာဗျူဟာစီမံကိန်း
ရည်မှန်းချက်ပန်းတိုင်
စာ-၂၇



၁၁
အလုပ်အကိုင်နှင့် ဘဝတစ်သက်တာ
လေ့လာသင်ယူမှုဆိုင်ရာ
ပညာရေးလမ်းသွယ်များ
စာ-၆၂



၂
မြန်မာနိုင်ငံ၏ နှောက်ခံအခြေအနေ
စာ-၁၀



၃
မြန်မာ့ပညာရေးစနစ်၏
ယေဘုယျ
နှောက်ခံအခြေအနေ
စာ-၁၂



၄
လက်ရှိပညာရေးစနစ်၏
အဓိကစိန်ခေါ်မှုများ
စာ-၁၉



၅
အမျိုးသားပညာရေးမဟာဗျူဟာ
စီမံကိန်း ရည်မှန်းချက်ပန်းတိုင်ကို
ပေါက်မြောက်အောင်မြင်စေမည့်
မဟာဗျူဟာမြောက်အပြောင်းအလဲ
(၉)ရပ်
စာ-၂၉



၁၀
အမျိုးသားပညာရေး
မဟာဗျူဟာစီမံကိန်း၏
အဓိကကဏ္ဍများ
စာ-၃၁

၁၂
အမျိုးသားပညာရေးမဟာဗျူဟာ
စီမံကိန်းကို အဆင့်အလိုက်
အကောင်အထည်ဖော်ဆောင်ရွက်ခြင်း
စာ-၆၅



၁၁
အမျိုးသားပညာရေး
မဟာဗျူဟာစီမံကိန်းအတွက်
ဘဏ္ဍာငွေထောက်ပံ့ခြင်း
စာ-၆၄

ဥယျောဇဉ်

လာမည့် (၅)နှစ်တာကာလအတွင်း ကျောင်းသားများ၊ လူငယ်များနှင့် အရွယ်ရောက်သူများ၏ ဘဝတစ်သက်တာ ပညာသင်ယူမှုရရှိနိုင်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် မြန်မာနိုင်ငံ၏ အမျိုးသားပညာရေးစနစ်ကို အဓိကထား ပြောင်းလဲပေးရပါမည်။ ထိုကဲ့သို့ပြောင်းလဲပေးရာတွင် အရည်အသွေးနှင့် သာတူညီမျှမှုရှိပြီး ကလေးများနှင့် လိုက်လျောညီထွေမှုရှိသော ပညာရေးစနစ်သည် မရှိမဖြစ် လိုအပ်လာပါသည်။ သို့မှသာ ကလေးများအနေဖြင့်အသိပညာသစ်များနှင့် တတ်ကျွမ်းမှုများ၊ တီထွင်ဖန်တီးခြင်းနှင့် ဆန်းစစ်ဝေဖန်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများနှင့် ကျင့်ဝတ်များရရှိကာ မိမိတို့အတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများကို ရွေးချယ်တတ်လာစေခြင်းဖြင့် ၂၁ရာစု မြန်မာနိုင်ငံ လူမှုစီးပွားဖွံ့ ဖြိုးတိုးတက်မှုအတွက် အကျိုးပြုနိုင်မည် ဖြစ်ပါသည်။

ပညာရေးဟူသည်မှာ မွေးဖွားချိန်မှ အစပြုကာ ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် သင်ယူရမည့် အရာဖြစ်ပြီး နိုင်ငံ၏ လူမှုစီးပွားဖွံ့ ဖြိုးတိုးတက်မှုအတွက် အဓိက အရင်းအနှီးဖြစ်ပါသည်။ ခေတ်မီလုပ်သား စွမ်းကွက်များ၌ ယှဉ်ပြိုင်နိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများရှိသည့် လူငယ်များ ဖြစ်လာစေရန် တီထွင်ဖန်တီးမှု အခွင့်အလမ်းများပေးကာ ဆန်းသစ်တီထွင်မှုများကို ဖြစ်ပေါ်စေခြင်းသည် စီးပွားရေးဖွံ့ ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသော မောင်နှင်းအားတစ်ရပ် ဖြစ်ပါသည်။

ပညာရေးသည် ဆင်းရဲမွဲတေမှုကိုလျော့ချ၍ သာတူညီမျှမှုရှိစေခြင်း၊ မိသားစုဝင်ငွေမြင့်မားစေခြင်း၊ တစ်ဦးချင်းစီနှင့်မိသားစုကျန်းမာရေးမြှင့်တင်ပေးခြင်း၊လူမှုအဖွဲ့အစည်းများကို အားဖြည့်ပေးခြင်း၊ ငြိမ်းချမ်းရေးကိုရေရှည်တည်တံ့ခိုင်မြဲစေခြင်း၊ စီးပွားရေးဖွံ့ ဖြိုးတိုးတက်စေခြင်းတို့ဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်မှုလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

အရည်အသွေးရှိသော အမျိုးသားပညာရေးစနစ်၏ အကျိုးသက်ရောက်မှုများကို အပြည့်အဝသိရှိ နားလည်စေရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆ - ၂၀၂၁) ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းသည် လာမည့် (၅)နှစ်တာကာလအတွင်း ပညာရေးစနစ်တစ်ခုလုံးကို ပြုပြင်ပြောင်းလဲပေးမည့်ဘက်စုံလွှမ်းခြုံနိုင်သော အထောက်အထားများအပေါ်တွင် အခြေပြုထားသည့် လမ်းပြမြေပုံ ဖြစ်ပါသည်။

လာမည့်နှစ်များအတွင်း အစိုးရ၏ အဓိက ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအနက် ဝေးလံဒေသများတွင်ရှိသော ကလေးများအပါအဝင် ကလေးအားလုံးအတွက် ကစားခြင်းကို ဗဟိုပြုသည့်အရည်အသွေးရှိ၍ ကျန်းမာရေးနှင့် ညီညွတ်သော မူကြိုနှင့် သူငယ်တန်းပညာရေးကို ဦးစားပေး၍ စတင်အကောင်အထည်ဖော်ပါမည်။ မူကြိုနှင့် သူငယ်တန်းပညာရေးဟုဆိုရာ၌ ၃ နှစ် မှ ၆ နှစ် အရွယ်ကလေးများ၏ ကာယ၊ ဉာဏ၊ ဘာသာစကား၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။

အခြေခံပညာရေးနှင့်ပတ်သက်၍ ကလေးအားလုံး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပညာရေးအောင်မြင်စွာပြီးမြောက်ပြီး ဆီလျော်မှုရှိသော သင်ယူမှုဆိုင်ရာ တတ်ကျွမ်းမှုများကို ရရှိအောင် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ အခြေခံပညာရေးသည် ကလေးများအား နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး သို့မဟုတ် တက္ကသိုလ်ပညာကို ဆက်လက်သင်ယူနိုင်မည့်ခိုင်မာသည့် အသိပညာနှင့် ကျွမ်းကျင်မှုများကို ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။ တက္ကသိုလ်ပညာကိုသာ အဆင့်မြင့်ပညာဟု ယူဆမှုကို ပြောင်းလဲရပါမည်။

မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာသင်ယူမှုအခွင့်အလမ်း နည်းပါးသော မသန်စွမ်းကလေးများ၊ နွမ်းပါးသောကလေးများ၊ ဝေးလံဒေသများမှ ကလေးများအတွက် ရည်ရွယ်သည့် ပညာရေးအစီအစဉ်များလည်း လိုအပ်လျက်ရှိပါသည်။

ထို့အတူ အခြေခံပညာသင်ရိုးညွှန်းတမ်းကို ၂၁ ရာစု အသိပညာနှင့် ကျွမ်းကျင်မှုများ အလေးပေးကာ ပြန်လည်ပြုပြင်မွမ်းမံ၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။ သင်ရိုးညွှန်းတမ်း အကောင်အထည်ဖော် ဆောင်ရွက်မှုအဆင့်ပြေချောမွေ့စေရန် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်သင် ဆရာများအားလုံးကို အရည်အသွေးရှိ လုပ်ငန်းခွင်သင်တန်းများပေးပြီး အနီးကပ် လေ့လာခြင်းဖြင့် ကြီးကြပ်ပေးရပါမည်။

ဆန်းသစ်တီထွင်မှုနှင့် အရည်အသွေးရှိပြီး လက်လှမ်းမီသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ်ဖြင့် ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခဲ့သည့် လူငယ်များ၊ အရွယ်ရောက်သူများ၏ လူမှုဘဝ အရည်အသွေးမြင့်မားရေးအတွက် ကြိုးစားရပါမည်။



နိုင်ငံ၏လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်သည့် ကမ္ဘာ့အဆင့်အတန်းမီသော ပညာရေးစနစ် ဖြစ်လာစေရန် သုတေသနလုပ်ငန်းများနှင့် ဆန်းသစ်တီထွင်မှုများကို အလေးထားပြီး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါသည်။

အမျိုးသားစီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေး အရည်အသွေး မြင့်မားစေရန် စဉ်ဆက်မပြတ် တိုးချဲ့ဆောင်ရွက်ပေးရပါမည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များနှင့် ကျောင်းသားများ၏ လိုအပ်ချက်များနှင့် မျှော်လင့်ချက်များ ဖြည့်ဆည်းပေးရန်လိုအပ်သကဲ့သို့ ဖွံ့ဖြိုးတိုး တက်ရေးဦးစားပေးကဏ္ဍများနှင့် လိုက်လျောညီထွေမှုရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အမျိုးသားပညာရေးစနစ် ရေရှည်ဖွံ့ဖြိုးတိုးတက်မြင့်မားရန် ကျောင်းများနှင့် ပညာသင်ယူရာ ဌာနများတွင် အရည်အသွေး အာမခံမှုစနစ်တစ်ရပ် ထားရှိရမည်ဖြစ်ပါသည်။ ထိုစနစ်သည် အမျိုးသားပညာရေးအရည်အသွေး အဆင့်အတန်းမီစေပြီး သင်ကြားသင်ယူမှုအပိုင်းကိုတိုးတက်မြင့်မားစေရန် အထောက်အကူပြုမည်ဖြစ်ပါသည်။ ထို့ပြင် နည်းပညာရှင်များ၊ ပညာရေးစီမံခန့်ခွဲသူများ၊ ကျောင်းများ၊ သင်တန်းဌာနများနှင့် တက္ကသိုလ်များမှဦးဆောင်သူများ၏ အရည်အသွေးကိုမြှင့်တင်ပေးမည့် သင်တန်းအစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပါသည်။ အထူးသဖြင့် ကလေးများ၏ ပညာရေး၊ ၎င်းတို့ပတ်ဝန်းကျင်၌ရှိသော ကျောင်းများနှင့် ပညာသင်ယူရာဌာနများတွင် မိဘများတက်ကြွစွာ ပါဝင်လာရန် ပံ့ပိုးကူညီရပါမည်။ အမျိုးသား ပညာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၊နိုင်ငံတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီများက ပံ့ပိုးကူညီ နိုင်မည့် နည်းလမ်းများထားရှိရပါမည်။

နိဂုံးချုပ်အနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁) ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျောင်းသားများ၊ မိဘများ၊ ဆရာများ၊ ကျောင်းများတွင် ဦးဆောင်သူများ၊ ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူများ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်းများအား ပညာရေးဝန်ကြီးဌာနနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုလိုပါသည်။ ဤစီမံကိန်းသည် အမျိုးသားပညာရေး စနစ်တစ်ခုကို ပြုပြင်ပြောင်းလဲပေးမည့် အစီအစဉ်ဖြစ်ပြီး ကျောင်းများနှင့် ပညာသင်ယူရာဌာနများ၏ သင်ကြားသင်ယူမှုများကို တိုးတက်မြင့်မားစေရန်အတွက် အထောက်အကူပြုမည့် စီမံကိန်းဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်



၁.၀။ နိဒါန်း

ယနေ့ကမ္ဘာ့စီးပွားရေးလောကတွင် နိုင်ငံတစ်နိုင်ငံ၏အောင်မြင်မှုသည် အခြေခံအားဖြင့် ထိုနိုင်ငံရှိနိုင်ငံသားများ၏ အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများပေါ်တွင် အဓိကမူတည်လျက်ရှိပါသည်။ ပညာရေးကဏ္ဍတွင် ဦးစားပေး ရင်းနှီးမြှုပ်နှံသော နိုင်ငံများသည် လူမှုရေး၊ စီးပွားရေးကြွယ်ဝဖွံ့ဖြိုးတိုးတက်ခြင်းကဲ့သို့သော ကြီးမားသည့်ရေရှည်အကျိုးဖြစ်ထွန်းမှုများကို ရရှိခံစားကြပါသည်။

ပညာရေးသည် နိုင်ငံသားတစ်ဦးချင်းစီ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရန် အခွင့်အလမ်းများ ဖန်တီးပေးပြီး မိမိတို့ရပ်ရွာဒေသအသိုက်အဝန်းတွင်အောင်မြင်သော သူများဖြစ်လာရုံသာမက အမျိုးသားလူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင်လည်းတက်ကြွစွာပါဝင်ဆောင်ရွက်နိုင်စေရန် ပံ့ပိုးကူညီပေးပါသည်။ မြန်မာ့လူမှုဝန်းကျင်တွင် ပညာရေးသည် လူမှုရေးဆိုင်ရာအဆင့်ဆင့်တိုးတက်ပြောင်းလဲမှု (social mobility) အတွက် အဓိက ဖော်ဆောင်ပေးသကဲ့သို့ နိုင်ငံတည်ဆောက်ရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကအခြေခံအုတ်မြစ်အဖြစ် သတ်မှတ်လက်ခံထားပြီးဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံဖြစ်လာရေးဟူသည့် အမျိုးသားရည်မှန်းချက်ကိုပါ ပေါက်မြောက်အောင်မြင်စေရန်အတွက် အဓိကတွန်းအားနှစ်ရပ်အဖြစ် ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးတို့ကို သတ်မှတ်ထားပါသည်။

မကြာမြင့်သေးသည့်ကာလများအတွင်း ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်၍ ကျောင်းသားများ၊ မိဘများ၊ လုပ်ငန်းရှင်များအပါအဝင် နိုင်ငံသားများ၏မျှော်မှန်းချက်များမြင့်မားလာခြင်းကြောင့် ပြည်သူလူထုသည် မြန်မာ့အမျိုးသားပညာရေးစနစ်နှင့် စပ်လျဉ်း၍ စိစစ်သုံးသပ်မှုများနှင့် ဝေဖန်ဆွေးနွေးမှုများကို တိုးမြှင့်ပြုလုပ်လာကြပါသည်။ ပညာရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် မူကြို၊ သူငယ်တန်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး၊ နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ အဆင့်မြင့်ပညာရေးစသည့် ပညာရေးကဏ္ဍအသီးသီး၌ အခွင့်အလမ်း၊ အရည်အသွေးနှင့် သာတူညီမျှရှိမှုတို့ တိုးတက်စေရေးအတွက် ဆောင်ရွက်ရန်ဖြစ်ပါသည်။

နောင်လာမည့်နှစ်များအတွင်းတွင် အမျိုးသားပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲနိုင်ရန် အရေးပါသော အပြောင်းအလဲများလိုအပ်သည်ဟု ကျယ်ပြန့်သော သဘောတူညီမှုတစ်ရပ်ရှိပါသည်။ ထိုအပြောင်းအလဲများက ကျောင်းသားများသည် ပညာရေးခရီးလမ်းကြောင်း၌ အဆင့်ဆင့် တိုးမြှင့်သင်ယူကာ အရည်အသွေးရှိသော သင်ယူမှု စံသတ်မှတ်ချက်များနှင့်အညီ ပေါက်မြောက်အောင်မြင်စေပြီး အသက်မွေးဝမ်းကျောင်းနှင့် ဘဝတစ်သက်တာသင်ယူမှု ဆိုင်ရာပန်းတိုင်နှင့်မျှော်မှန်းချက်များကိုလည်းဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

အဆိုပါမျှော်လင့်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးရန်ပညာရေးဝန်ကြီးဌာနသည် (၃) နှစ်ခွဲတာ ကာလအတွင်း အချိန်တိုအတွင်းအကဲဖြတ်ခြင်း (အဆင့်–၁)၊ အသေးစိတ်လေ့လာဆန်းစစ်ခြင်း (အဆင့်–၂)နှင့် အထောက်အထားအခြေပြု ကုန်ကျစရိတ် လျာထားချက်ပါဝင်သော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆–၂၀၂၁ (National Education Strategic Plan–NESP) ရေးဆွဲခြင်း(အဆင့်–၃) စသည့် အဆင့်(၃)ဆင့်ပါသော ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း(Comprehensive Education Sector Review–CESR)ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသည် အမျိုးသားပညာရေးစနစ်ရှိ အဆင့်တိုင်း၌ ကျောင်းသားများအတွက် အရည်အသွေးပြည့်ဝသော ပညာရေးအခွင့်အလမ်းရရှိမှုကို အထူးမြှင့်တင်ပေးမည့် အစီအမံဖြစ်သည်။ ဤအမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသည် လာမည့် (၅)နှစ်တာကာလအတွင်းကဏ္ဍအလိုက်ပညာရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် နိုင်ငံတော်အစိုးရ၊ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများနှင့်ပြည်သူတစ်ရပ်လုံးအတွက် အသေးစိတ်လမ်းပြမြေပုံ (road map) တစ်ရပ်လည်းဖြစ်ပါသည်။

၂.၀။ မြန်မာနိုင်ငံ၏ နောက်ခံအခြေအနေ

မြန်မာနိုင်ငံသည်အရှေ့တောင်အာရှတွင်ကုန်းမြေရိယာအားဖြင့်ကျယ်ဝန်းသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီးအာရှတိုက်၏စီးပွားရေးအချက်အချာနေရာများဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် အာဆီယံနိုင်ငံများအကြား ပထဝီဝင်အနေအထားအရ မဟာဗျူဟာမြောက်သည့်နေရာတွင် တည်ရှိပါသည်။

မြန်မာနိုင်ငံသည်ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်း၊ မြေဆီဩဇာကြွယ်ဝသည့် စိုက်ပျိုးမြေများနှင့် အဖိုးတန်သဘာဝသယံဇာတအရင်းအမြစ်များကိုလည်း ပိုင်ဆိုင်ထားပါသည်။ အရှေ့တောင်အာရှဒေသတွင် လူဦးရေသိပ်သည်းမှုအနည်းဆုံးနိုင်ငံများထဲတွင်လည်း အပါအဝင်ဖြစ်သည်။ ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ လူဦးရေ (၅၁.၉)သန်းရှိပြီး နှစ်စဉ် လူဦးရေတိုးပွားမှုနှုန်းမှာ ၀.၈၉ ရာခိုင်နှုန်းဖြစ်မည်ဟု ခန့်မှန်းထားပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးနောက် ၂၀၁၁ ခုနှစ်တွင် ရွေးချယ်တင်မြှောက်ခံရသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်နှစ်ရပ်နှင့်အတူ အရပ်ဘက်ပုဂ္ဂိုလ်များ ဦးဆောင်သည့် အစိုးရပေါ်ပေါက်လာပြီး ဒီမိုကရေစီအုပ်ချုပ်မှုစနစ်သို့ ပြောင်းလဲခဲ့သည်။ ထို့ပြင် ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် အုပ်ချုပ်ရေးစနစ်သို့ စတင်ကူးပြောင်းသည့်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဒေသဆိုင်ရာလွှတ်တော်များနှင့် အစိုးရများပေါ်ပေါက်လာခဲ့သည်။ သို့သော်လည်း အခြေခံဝန်ဆောင်မှုများ ရရှိနိုင်သော အခွင့်အလမ်းများတိုးမြှင့်ပေးရာတွင် ဒေသဆိုင်ရာအစိုးရများက ပိုမိုတက်ကြွသော အခန်းကဏ္ဍမှ ပါဝင်နိုင်စေရန် ၎င်းတို့၏ လုပ်ပိုင်ခွင့်များနှင့်တာဝန်များကို ရှင်းလင်းစွာသတ်မှတ်ရန် လိုအပ်နေသည်။



၂၀၁၅ ခုနှစ်တွင် 'ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ'ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်တာဝန်ကို အစိုးရအသစ်သို့ အဆင်ပြေချောမွေ့စွာ လွှဲပြောင်းပေးခဲ့ပါသည်။ ယခင်အစိုးရလက်ထက်ကတည်းက ဆောင်ရွက်နေခဲ့ပြီးဖြစ်သည့် လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းများကို အစိုးရအသစ်အနေဖြင့် ယခုအခါ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်တာဝန်ကို အရပ်ဘက်ပုဂ္ဂိုလ်များ ဦးဆောင်သည့်အစိုးရက လွှဲပြောင်းရယူပြီးသည့် နောက်ပိုင်းတွင် နိုင်ငံတကာ၏ ကန့်သတ်ပိတ်ပင်မှုများ ပြေလျော့သွားပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာနေပြီ ဖြစ်သောကြောင့် မြန်မာ့စီးပွားရေးသည် တိုးတက်ကောင်းမွန်စပြုလာနေပြီဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ ကာလလတ်စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုးတိုးတက်နှုန်းသည် ၂၀၁၂ ခုနှစ်တွင် ၅.၅ ရာခိုင်နှုန်းရှိရာမှ ၂၀၁၄ ခုနှစ်တွင် ၆.၈ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ကာလလတ်စီးပွားရေးတိုးနှုန်းမှာ ပျမ်းမျှအားဖြင့် နှစ်စဉ် ၈.၂ ရာခိုင်နှုန်းဖြစ်မည်ဟု ခန့်မှန်းကြပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ၏စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် သဘာဝသယံဇာတ အရင်းအမြစ်များကို ထုတ်ယူရောင်းချမှုတို့အပေါ်တွင်သာ အလွန်အမင်းမှီခိုနေရပါသည်။ ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် သဘာဝသယံဇာတ အရင်းအမြစ်များအပေါ်မှီခိုနေမှုကို လျော့ချပြီး ဝန်ဆောင်မှုနှင့် ထုတ်လုပ်မှုကဏ္ဍတို့တွင် တိုးချဲ့လုပ်ဆောင်ရန်လိုအပ်နေပါသည်။ တစ်ချိန်တည်းမှာပင် စိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီနည်းပညာများကို စနစ်တကျအသုံးပြုပြီး အရည်အသွေးရှိ စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဦးစားပေးဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတိုးချဲ့လုပ်ဆောင်နိုင်ရန်အတွက် အဓိကစိန်ခေါ်မှုနှစ်ရပ်ကို ရင်ဆိုင်နေရပါသည်။ ပထမစိန်ခေါ်မှုမှာ အလုပ်အကိုင် အခွင့်အလမ်းများများပြားလာသည့်တိုင် လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီသည့် ကျွမ်းကျင်လုပ်သား မလုံလောက်မှုဖြစ်သည်။ ဒုတိယစိန်ခေါ်မှုမှာ ထိုစီးပွားရေးလုပ်ငန်းများကို ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းဆောင်ရည်ကို မြှင့်တင်ပေးရေးဖြစ်သည်။ နောင်လာမည့်နှစ်များအတွင်း အဆိုပါစိန်ခေါ်မှုနှစ်ရပ်လုံးကို နိုင်ငံတော်အစိုးရက ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပညာရေးကဏ္ဍသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

နိုင်ငံတော်အနေဖြင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုဖြစ်ထွန်းစေရန်နှင့် သာတူညီမျှမှုရှိသည့် စီးပွားရေးဖွံ့ဖြိုးမှုဖြစ်စေရန်တို့အတွက် ဖြေရှင်းဆောင်ရွက်ရမည့် တခြားစိန်ခေါ်မှုများလည်း ရှိနေပါသေးသည်။ မြန်မာ့လူအဖွဲ့အစည်းအတွင်း ကြီးထွားလာနေသည့် ဆင်းရဲချမ်းသာ ကွာဟမှုများ၊ မြို့ပြနှင့်ကျေးလက်အကြား အခွင့်အလမ်းကွာဟမှုများ၊ နေရပ် စွန့်ခွာပြောင်းရွှေ့နေထိုင်ကြသူများ၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးပြဿနာစသည့် လူမှုရေးပြဿနာများကို ဖြေရှင်းရန်လိုအပ်နေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် အရည်အသွေးရှိ၍ သာတူညီမျှမှုရှိသော ပညာရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

၃.၀။ မြန်မာ့ပညာရေးစနစ်၏ ယေဘုယျ နောက်ခံအခြေအနေ

မြန်မာနိုင်ငံပညာရေးကဏ္ဍတစ်ခုလုံး၏ အခြေအနေကို အောက်တွင်အကျဉ်းချုပ်ခြုံငုံသုံးသပ် ဖော်ပြထားပါသည်။

၃.၁။ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး

ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့သည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုများပေးရာ၌ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍများကလည်း ရပ်ရွာပြည်သူလူထုကို တက်ကြွစွာ ပံ့ပိုးပေးလျက်ရှိပါသည်။

၃.၂။ အခြေခံပညာရေး

လက်ရှိအခြေခံပညာရေးစနစ်တွင် မူလတန်းပညာရေး (၅) နှစ် (သူငယ်တန်းမှ စတုတ္ထတန်း)၊ အလယ်တန်းပညာရေး (၄)နှစ်နှင့် အထက်တန်းပညာရေး (၂)နှစ် ပါဝင်ပါသည်။ ၂၀၁၅–၂၀၁၆ ပညာသင်နှစ်တွင် မြန်မာနိုင်ငံ၌ အခြေခံပညာကျောင်း ပေါင်း(၄၇၃၆၃)ရှိပြီး ကျောင်းသားဦးရေမှာ (၉.၂၆)သန်းခန့်ရှိသည်။ ဇယား(၃.၁) တွင် ဖော်ပြထားပါသည်။ ဤကျောင်းအများစုကို ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာဦးစီးဌာနက စီမံအုပ်ချုပ်ပါသည်။ ထို့ပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပုဂ္ဂလိက၊ ရပ်ရွာဒေသနှင့် ပညာရေးဝန်ဆောင်မှုပေးသော တခြားကျောင်းများမှတစ်ဆင့် အခြေခံပညာကို သင်ယူခွင့်ရရှိနေကြသော ကျောင်းသားများလည်း ရာခိုင်နှုန်း အတိုင်းအတာတစ်ခုထိ ရှိနေပါသည်။ ၂၀၁၅–၂၀၁၆ ပညာသင်နှစ်တွင်ရှိသော အခြေခံပညာကျောင်း၊ ဆရာနှင့် ကျောင်းသားဦးရေ စာရင်းကို ဇယား(၃.၁)တွင် ဖော်ပြထားပါသည်။

၃.၃။ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး

ပညာရေးဝန်ကြီးဌာနသည် ကျောင်းပြင်ပရောက် ကလေးများအတွက် ကျောင်းပြင်ပမူလတန်းပညာရေးတန်းညီအစီအစဉ်နှင့် အရွယ်ရောက်သူများအတွက် နွေရာသီအခြေခံစာတတ်မြောက်ရေးအစီအစဉ်တို့ကို ကျောင်းပြင်ပပညာရေး သင်ယူမှုအခွင့်အလမ်းအဖြစ် စီစဉ်ဖန်တီးပေးထားသည်။ ကျောင်းပြင်ပမူလတန်း ပညာရေး တန်းညီအစီအစဉ်ကို သင်ယူသူ (၁၁,၂၃၄)ဦးအတွက်မြို့နယ်ပေါင်း (၈၉)မြို့နယ်တွင် အကောင်အထည်ဖော်လျက်ရှိသည်။ နွေရာသီ အခြေခံစာတတ်မြောက်ရေးအစီအစဉ်ကို ၂၀၁၃ ခုနှစ်တွင် ပြန်လည်စတင်ခဲ့ပြီး သင်ယူသူ (၂၂,၄၄၄) ဦးကို သင်ကြားပေးနိုင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် သင်ယူသူ (၄၆,၄၇၈) ဦးကို သင်ကြားပေးနိုင်ခဲ့ပါသည်။

၃.၄။ နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး

မြန်မာနိုင်ငံ၌ နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းများကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့က နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းပေါင်း (၃၇၂)ကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

၃.၅။ အဆင့်မြင့်ပညာရေး

မြန်မာနိုင်ငံတွင် ဝန်ကြီးဌာန (၈)ခုအောက်၌အဆင့်မြင့်ပညာကျောင်း (ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်) စုစုပေါင်း (၁၇၁)ကျောင်းရှိပါသည်။ ၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းသားပေါင်း (၂၂၅,၁၇၈) ဦးသည် ပညာရေးဝန်ကြီးဌာနအောက်ရှိ အဆင့်မြင့်ပညာကျောင်းများတွင် အချိန်ပြည့်တက်ရောက်ခဲ့ပြီး ကျောင်းသား (၄၁၁,၁၆၄) ဦးသည် အဝေးသင်တက္ကသိုလ်များတွင် အဆင့်မြင့်ပညာကို သင်ယူနိုင်ခဲ့ကြပါသည်။



ဇယား(၃.၁) အခြေခံပညာကျောင်း၊ ဆရာနှင့် ကျောင်းသားဦးရေ

ကျောင်းအမျိုးအစား	အခြေခံပညာ ကျောင်းအရေအတွက် (၂၀၁၅-၂၀၁၆)	အခြေခံပညာ ဆရာအရေအတွက် (၂၀၁၅-၂၀၁၆)	အခြေခံပညာ ကျောင်းသားအရေအတွက် (၂၀၁၅-၂၀၁၆)
အထက်တန်းကျောင်း	၃,၅၁၃	၃၄,၃၉၃	၈၇၃,၈၃၂
အလယ်တန်းကျောင်း	၆,၂၂၄	၁၂၉,၉၄၅	၂,၇၉၅,၆၀၇
မူလတန်းကျောင်း	၃၅,၆၅၀	၁၅၈,၁၇၆	၅,၁၈၄,၀၄၁
ဘုန်းတော်ကြီးသင်ပညာရေးကျောင်း	၁,၅၃၈	၁၁,၀၄၄	၂၉၇,၀၃၉
ပုဂ္ဂလိကကျောင်း	၄၃၈	၇,၃၉၇	၁၀၇,၄၅၁
စုစုပေါင်း	၄၇,၃၆၃	၃၄၀,၉၅၅	၉,၂၅၇,၉၇၀

ရင်းမြစ်။ ပညာရေးဝန်ကြီးဌာန (၂၀၁၅-၂၀၁၆)

၄.၀။ မကြာမြင့်သေးသည့်နှစ်များအတွင်း ပညာရေးမူဝါဒပြုပြင်ပြောင်းလဲမှုအပေါ် ခြုံငုံသုံးသပ်ချက်

ဤအခန်းသည် ကျောင်းသားများနှင့် နိုင်ငံသားများအားလုံးအတွက် အရည်အသွေးရှိသော ပညာရေးကို သင်ယူခွင့်တိုးတက်ကောင်းမွန်စေရန် အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လမ်းညွှန်ပေးသည့် ပညာရေးကဏ္ဍဆိုင်ရာဥပဒေများနှင့် မူဝါဒများကို ခြုံငုံ သုံးသပ်ဖော်ပြထားခြင်းဖြစ်ပါသည်။

၄.၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)သည် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍအတွက် ဥပဒေမူဘောင်ဆိုင်ရာ အခြေခံတစ်ရပ်ကို ချမှတ်ပေးခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ(၂၈)အရ " နိုင်ငံတော်သည်–

(က)ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်၊

(ခ) ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုင်းရင်းသား ပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမည်၊

(ဂ) အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်၊

(ဃ)ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမည်။" ဟု ပြဋ္ဌာန်းထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃၆)အရ " နိုင်ငံသားတိုင်းသည်နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ–

(က) ပညာသင်ကြားပိုင်ခွင့်ရှိသည်၊

(ခ) ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်၊

(ဂ) သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့် အနုပညာခေတ်မီတိုးတက်စေရန် တီထွင်ကြံဆဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာ သုတေသနပြုဖော်ထုတ်ဆောင်ရွက်ခွင့်ရှိသည်။"ဟု ပြဋ္ဌာန်းထားပါသည်။

၄.၂။ အမျိုးသားပညာရေးဥပဒေ(၂၀၁၄) နှင့် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၅)

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် အမျိုးသားပညာရေးဥပဒေကို အတည်ပြုနိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် အရေးပါသော ပြောင်းလဲမှုဖြစ်ပါသည်။ ထိုဥပဒေသည် အမျိုးသားပညာရေးစနစ်၏ အရည်အသွေးရှိမှု၊ထိရောက်အောင်မြင်မှုနှင့်စွမ်းဆောင်နိုင်မှုတို့ကို ပိုမိုခိုင်မာစေမည်ဖြစ်ပါသည်။ အမျိုးသားပညာရေးဥပဒေပိုမိုခိုင်မာစေရန်အတွက် ၂၀၁၅ ခုနှစ်တွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုလည်း ပြဋ္ဌာန်းပေးခဲ့ပါသည်။အမျိုးသားပညာရေးဥပဒေနှင့်အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့က အမျိုးသားပညာရေးစနစ်တစ်ခုလုံးတွင် အပြန်အလှန်ချိတ်ဆက် ဖြည့်ဆည်းမှုရှိသော ပြုပြင်ပြောင်းလဲမှုလုပ်ငန်းအမျိုးမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အထူးကောင်းမွန်သည့် အမျိုးသားအဆင့် အညွှန်းဘောင်တစ်ခုကို ချမှတ်ပေးထားပါသည်။ ထိုအညွှန်းဘောင်တွင် နိုင်ငံသားတိုင်း၏ အခြေခံပညာဆည်းပူးနိုင်သည့် အခွင့်အရေးနှင့် အခမဲ့မသင်မနေရ မူလတန်းပညာရေးတို့ကို အသိအမှတ်ပြုထားခြင်း၊ ပညာရေးအရည်အသွေးအာမခံမှုစနစ်တစ်ရပ်တည်ထောင်ရန် ပြဋ္ဌာန်းသတ်မှတ်ပေးထားခြင်း၊ အခြေခံပညာသင်ကာလကို (၁၃)နှစ် (သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ်စုစုပေါင်းကာလ ၁၂ နှစ်) အထိတိုးမြှင့်ထားခြင်း၊ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို သင်ယူရာတွင် အထောက်အပံ့ပေးခြင်း၊ ပညာရေးစနစ်ကို ဗဟိုချုပ်ကိုင်မှုလျှော့ချသည့်စနစ်သို့ ဦးတည်ဖော်ဆောင်ရန် သတ်မှတ်ထားခြင်းစသည်တို့ ပါဝင်ပါသည်။ အမျိုးသားပညာရေးဥပဒေ၏ အကျိုးရလဒ် တစ်ခုအနေဖြင့် ယခုအခါ မြန်မာနိုင်ငံ၏ အခြေခံပညာသင်ကာလသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အခြေခံပညာသင်ကာလနှင့် အပြည့်အဝကိုက်ညီမှုရှိနေခြင်းဖြစ်ပါသည်။



၄.၃။ အစိုးရ၏ ပညာရေးကဏ္ဍ ပြုပြင် ပြောင်းလဲမှု ဦးစားပေးလုပ်ငန်းများ

အစိုးရ၏ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု ဦးစားပေးလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

၁။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၂။ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိသည့်ကာယ၊ဉာဏ်စွမ်းရည်အားနည်းသော ကလေးများ၊ ဆင်းရဲနွမ်းပါးသည့်ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိကလေးများ စသည့်ကလေးများအတွက် အလေးထားဆောင်ရွက်သည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။

၃။ ကွဲပြားခြားနားသည့် ဘာသာစကားပြောသော မူလတန်းတိုင်းရင်းသားကလေးများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲခြင်းနှင့် သင်ကြားပေးခြင်း အပါအဝင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို ပံ့ပိုးပေးရန်နှင့် မြှင့်တင်ပေးရန်ဆောင်ရွက်ခြင်း။

၄။ သင့်လျော်သော ဆရာကျောင်းသားအချိုး ရရှိရန် ဆောင်ရွက်ပေးခြင်း။

၅။ ကျောင်းအသီးသီးမှ ဆရာများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ပေးခြင်း။

၆။ အခြေခံပညာရေးကို လူတိုင်းပိုမို လက်လှမ်းမီနိုင်ရန် အတွက် ဖွံ့ဖြိုးမှုအားနည်းသော ဒေသများရှိကျောင်းများ(အထူးသဖြင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ လုံလောက်မှုမရှိသော အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများ)၏ လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

၇။ ပညာအရည်အချင်းနည်းပါးသူများ၏ နေထိုင်မှုဘဝ အရည်အသွေး တိုးတက်ကောင်းမွန်စေရန် အခြေခံပညာအလယ်တန်း၊ အထက်တန်း တန်းညှိအစီအစဉ်များနှင့် သက်မွေးမှုသင်တန်း အစီအစဉ်များဖြင့် ဆက်လက်ပညာ ဆည်းပူးနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း။

၈။ တက္ကသိုလ်များတွင် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းရေးဆွဲသင်ကြားခွင့်၊ အုပ်ချုပ်ခွင့်နှင့် သုတေသနလုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်သော ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် ဖော်ဆောင်ပေးခြင်း။

၉။ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ပညာရပ်များကို တက္ကသိုလ်များ၏ ပညာရပ်များနှင့် တန်းတူဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း။

၁၀။ ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန် ဆောင်ရွက်ပေးခြင်း။

၁၁။ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်းပြည်ပမှရရှိသည့် ပညာရေးဆိုင်ရာဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ပေးခြင်း။

၁၂။ တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အခြေခံ၍ထိရောက်သော ပညာရေးပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှုလုပ်ငန်း အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၅.၀။ အမျိုးသားပညာရေးစနစ်၏ မကြာမြင့်သေးသည့်နှစ်များအတွင်း အောင်မြင်ဖြစ်ထွန်းမှုများ

နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍတစ်ခုလုံးတွင် အရည်အသွေးရှိသောပညာရေးကို သင်ယူခွင့်တိုးချဲ့ပေးရန်အတွက် သိသာထင်ရှားသော အားထုတ်မှုများနှင့် အမျိုးသားအဆင့်အစီအစဉ်အသစ်များကို ချမှတ်ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ အောင်မြင်မှုများအနက်မှ တချို့ကို အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်–

၅.၁။ အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းရေးဆွဲနိုင်စေရန် နိုင်ငံတကာအဆင့်မီ အထောက်အထားအခြေပြု ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း(CESR) ဆောင်ရွက်ခြင်း

ပညာရေးဝန်ကြီးဌာနသည် (၃) နှစ်ခွဲတာ ကာလအတွင်း ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ လေ့လာဆန်းစစ်မှုအပါအဝင် ပညာရေးကဏ္ဍတစ်ခုလုံး လွှမ်းခြုံမှုရှိသော လေ့လာသုံးသပ်မှုလုပ်ငန်းကို အောင်မြင်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤအောင်မြင်မှုသည် ပညာရေးဝန်ကြီးဌာနအတွက် ကျောင်းအားလုံးနှင့် ပညာသင်ယူရာဌာနများ၌ သင်ကြားသင်ယူမှု လုပ်ငန်းတိုးတက်မှုရှိစေရန် ဦးစားပေးဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များကို နိုင်ငံတကာစံများနှင့်ကိုက်ညီသော အထောက်အထားများအပေါ် အခြေပြုလျက် ဖော်ထုတ်ချမှတ်နိုင်ခဲ့ပါသည်။ အဆိုပါ ချဉ်းကပ်နည်းသည် လာမည့်(၂၀၁၆–၂၀၂၁)အတွင်း နိုင်ငံတော်အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပညာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကြောင့် သင်ကြားသင်ယူမှုအပေါ် အကျိုးသက်ရောက်မှု အမြင့်မားဆုံးဖြစ်စေပါမည်။

၅.၂။ ပညာရေး ဝန်ဆောင်မှုအပိုင်းတွင် တိုင်းတာသိရှိနိုင်သော ပြုပြင်ပြောင်းလဲမှုများ ဖြစ်ထွန်းစေရန် ကတိကဝတ်ပြုပြီး ပညာရေးကဏ္ဍအတွင်း ရင်းနှီးမြှုပ်နှံခြင်း

နိုင်ငံတော်အစိုးရသည် မကြာမြင့်သေးသည့်နှစ်များအတွင်း ပညာရေးကဏ္ဍအတွက် ဘဏ္ဍာငွေပံ့ပိုးမှုကို တိုးမြှင့်ပေးခဲ့ပါသည်။ ပညာရေးကဏ္ဍ၌ ဤကဲ့သို့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းသည် ပညာရေးဝန်ကြီးဌာနအား မူဝါဒအသစ်များ စတင်ချမှတ်နိုင်စေပြီး အမျိုးသားအဆင့် အစီအစဉ်အသစ်တချို့ကိုလည်း စတင်လုပ်ဆောင်နိုင်စေခဲ့ပါသည်။ ဤအစီအစဉ်များတွင် ဆရာအသစ်များတိုးမြှင့် ခန့်အပ်ခြင်း၊ အခမဲ့အခြေခံပညာရေး အကောင်အထည်ဖော်ခြင်းနှင့် အခြေခံပညာကျောင်းများ၌ ကျောင်းထောက်ပံ့ကြေးနှင့် ပညာသင်ထောက်ပံ့ကြေးများ ပံ့ပိုးပေးခြင်းတို့ ပါဝင်ပါသည်။

၅.၃။ ပညာရေးအရည်အသွေး မြှင့်တင်နိုင်ရန် ဆရာဦးရေသိသာထင်ရှားစွာ တိုးမြှင့်ခန့်ထားခြင်း

ပညာရေးဝန်ကြီးဌာနသည် ကျောင်းတိုင်း၌ ဆရာဦးရေ အလုံအလောက်ရရှိစေရန် လွန်ခဲ့သော(၃)နှစ်ကျော်အတွင်း ဆရာ (၇၂,၀၀၀)ခန့်ကို ခန့်အပ်ခဲ့ပါသည်။ ထို့ပြင် အဆိုပါ ဆရာများ၏ လုပ်ငန်းခွင်စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သင်တန်းပေးရေးအစီအစဉ်များကိုလည်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ အခြေခံပညာရေးကဏ္ဍ၌ ဤကဲ့သို့ ထူးခြားသော ရင်းနှီးမြှုပ်နှံမှုကြောင့် ဆရာများတိုးမြှင့်ခန့်အပ်သောကျောင်းများမှ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုနှင့် ပညာအရည်အသွေးတိုးတက်လာမည်ဟု မျှော်မှန်းထားပါသည်။

၅.၄။ ဝန်ဆောင်မှု ပိုမိုအကျိုးရှိ ထိရောက်ကောင်းမွန်စေရန် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု လုပ်ငန်းများကို အားကောင်းလာစေခြင်း

၂၀၁၆ ခုနှစ်တွင် အစိုးရသည် လုပ်ငန်းဆောင်ရွက်မှုစွမ်းရည် တိုးတက်စေရန်နှင့် ဝန်ကြီးဌာနအရေအတွက် လျှော့ချရန် အစိုးရကဏ္ဍတွင် ကြီးမားသော ပြုပြင်ပြောင်းလဲမှု တစ်ရပ်ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ဤပြုပြင်ပြောင်းလဲမှု၏ တစ်စိတ်တစ်ဒေသအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်းအဖြစ် ပေါင်းစည်းပြီး ပညာရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံကိုလည်း ထပ်မံပြင်ဆင်ခဲ့ပါသည်။ ထို့ပြင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအတွက် ဦးစီးဌာနအသစ်တစ်ခုကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အဆိုပါပြုပြင် ပြောင်းလဲမှုများက မဟာဗျူဟာမြောက် စီမံကိန်းအသစ်ကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးပေးမည့် ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုတို့အတွက် ခိုင်မာသော အခြေခံအုတ်မြစ်ကိုချမှတ်ပေးထားပါသည်။

၅.၅။ ကျောင်းအဆောက်အအုံအတွက် ပိုမို ရင်းနှီးမြှုပ်နှံခြင်းဖြင့် အခြေခံပညာသင်ယူမှု အခွင့်အလမ်းကို တိုးချဲ့ပေးခြင်း

လွန်ခဲ့သော (၄) နှစ်ကျော်ကာလအတွင်း သိသာထင်ရှားသော အောင်မြင်မှုတစ်ရပ်မှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျောင်းအဆောက်အအုံများအတွက် ပိုမိုရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၀–၂၀၁၁ ပညာသင်နှစ်မှ ၂၀၁၄–၂၀၁၅ ပညာသင်နှစ်အတွင်း ပညာရေးဝန်ကြီးဌာနက ကျောင်းဆောင်သစ် (၇,၆၁၆) ကျောင်းနှင့် စာသင်ခန်းအသစ် (၁၁,၇၇၆)ခန်းကို တည်ဆောက်ပေးခဲ့ပါသည်။ ထို့ပြင် ရှိပြီးကျောင်းဆောင်ပေါင်း (၈,၉၄၅)ဆောင်နှင့် စာသင်ခန်းပေါင်း (၁၃,၅၅၅)ခန်းကိုလည်း ပြုပြင်မွမ်းမံမှုများ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၆–၂၀၁၇ ပညာသင်နှစ်အတွင်း ကျောင်းဆောင်ပေါင်း (၃,၃၁၂)ဆောင်ကိုလည်း အဆင့်မြှင့်တင်ပေးရန်အတွက် ခွင့်ပြုထားပြီးဖြစ်ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများကြောင့် အခြေခံပညာသင်ယူမှုအခွင့်အလမ်းများ သိသာထင်ရှားစွာ တိုးတက်မြင့်မားလာပြီး သင်ကြားသင်ယူမှု အရည်အသွေးတိုးတက်လာခဲ့ပါသည်။



၆.၀။ လက်ရှိပညာရေးစနစ်၏ အဓိကစိန်ခေါ်မှုများ

မြန်မာနိုင်ငံ၏ပညာရေးစနစ်သည် လတ်တလောအားဖြင့် ဘက်ပေါင်းစုံမှ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရလျက်ရှိပြီး အများစုမှာ ပညာရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ အဓိကအယူအဆများဖြစ်သည့် အခွင့်အလမ်း၊ အရည်အသွေးနှင့် သာတူညီမျှရရှိမှုတို့ ဆက်စပ်လျက်ရှိပါသည်။

နယ်ပယ်(၁) မူကြိုနှင့် သူငယ်တန်းပညာရေး

မူကြိုနှင့်သူငယ်တန်းပညာရေးနယ်ပယ်တွင် ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှု (၄)ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

- ကျေးလက်နှင့်ဝေးလံခေါင်ဖျားဒေသရှိ ကလေးများအတွက် အရည်အသွေးပြည့်ဝသော မူကြိုနှင့် သူငယ်တန်းပညာရေး ဝန်ဆောင်မှုအခွင့်အလမ်းရရှိမှုနည်းပါးနေသဖြင့် အခြေခံပညာကျောင်းတက်ရန် အဆင်သင့်ဖြစ်ရေး၊သင်ယူတတ်မြောက်ရေး၊ ရပ်ရွာစည်ပင်ဝင်ပြောရေးနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့တွင် အဟန့်အတားဖြစ်လျက်ရှိပါသည်။
- မိမိတို့သားသမီးများ၏ ပညာရေးဖွံ့ဖြိုး တိုးတက်မှုအတွက် တက်ကြွစွာ ပိုမိုပါဝင်ဆောင်ရွက်ရန် မိဘများအား တိုက်တွန်းအားပေးခြင်းအပါအဝင် မူကြို ဝန်ဆောင်မှုများ၏ အရည်အသွေးကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။ မူကြိုဆရာ အတတ်သင်တန်းများ၏ အရည်အသွေးကို မြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါသည်။ ထို့ပြင် ပိုမိုထိရောက်သော စီမံခန့်ခွဲမှုနှင့် စီမံကိန်းချမှတ်မှုများအတွက် အမျိုးသားအဆင့်မူကြိုဆိုင်ရာ အချက်အလက်များကို စုစည်းထားသည့်နေရာ (Database)တစ်ခု ထူထောင်ရန်လည်း လိုအပ်နေပါသည်။
- မူကြိုဝန်ဆောင်မှုအခွင့်အလမ်းရရှိခြင်း တိုးမြှင့်နိုင်ရန် ထိရောက်သော ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့များအဆင့်တိုင်း(အမျိုးသားအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ရွာဒေသ အဆင့်များ)တွင် လိုအပ်နေပါသည်။
- ကလေးအားလုံးအရည်အသွေးရှိသော သူငယ်တန်းပညာသင်ယူခွင့်ရရှိစေရန် ကလေး၏ဖွံ့ဖြိုးမှုနှင့် ကိုက်ညီသော၊ ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေမှုရှိသော၊ ပညာရေး သဘောအရ ဆီလျော်အပ်စပ်မှုရှိသော သူငယ်တန်းသင်ရိုးကိုရေးဆွဲခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်းတို့ကို အထူးဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါသည်။

နယ်ပယ်(၂) အခြေခံပညာရေး – အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု

အခြေခံပညာရေး– အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှုနယ်ပယ်တွင် ရင်ဆိုင်နေရသောအဓိကစိန်ခေါ်မှု (၄)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာရေးအတွက် မိဘနှင့် ရပ်ရွာလူထုက ကျခံနေရသည့် ကုန်ကျစရိတ်များ သက်သာစေရန် ယခုအခါ အခမဲ့အခြေခံပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် ကလေးများအတွက် ပညာသင်ယူမှု အခွင့်အလမ်း၊ ကျောင်းနေမြဲရေးနှင့် အခြေခံပညာပြီးမြောက်ရေးတို့တွင် သိသိသာသာတိုးတက်ကောင်းမွန်ရန် လိုအပ်ပါသည်။ ထို့ပြင် မူလတန်းမှ အလယ်တန်းသို့ အကူးအပြောင်းနှင့် အလယ်တန်းမှ အထက်တန်းသို့ အကူးအပြောင်း ကာလတို့တွင် ကျောင်းထွက်နှုန်း မြင့်မားနေဆဲပင် ဖြစ်ပါသည်။
- သင်ကြားရေး၊ ကျောင်းစီမံခန့်ခွဲရေး၊ ကျောင်းအဆောက်အအုံနှင့် ကျောင်းသုံးပစ္စည်းများဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ တိုင်းတာဖြေရှင်းရေးကို အလေးထား ဆောင်ရွက်ရန်အတွက် ကျောင်းအရည်အသွေးတိုးတက်ရေးအဦးစားပေး ဆောင်ရွက်လိုအပ်လျက်ရှိပါသည်။ ထို့ပြင် ကျောင်း၏စွမ်းဆောင်မှုတိုးမြှင့်ရေးနှင့် ကျောင်းအုပ်များ၊ ဆရာများ၊ ပညာရေး စီမံခန့်ခွဲသူများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုကို မြှင့်တင်ရေးတို့အတွက် အရည်အသွေးအာမခံမှုစနစ်တစ်ခု ရေးဆွဲအကောင်အထည်ဖော်ရန်လည်းလိုအပ်လျက် ရှိပါသည်။

- အခြေခံပညာကျောင်းများအားလုံးရှိမိဘဆရာအသင်းများကို ပိုမိုပါဝင်ဆောင်ရွက်ခွင့်များပေးရန်နှင့် ပိုမို အားကောင်းစေရေး ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။ သို့မှသာ ဤအသင်းများသည် ကျောင်းသားများ၏ သင်ယူမှုတိုးတက်လာစေရန် အထောက်အကူပြုပြီး ကျောင်းအရည်အသွေးစံသတ်မှတ်ချက်များ ပြည့်မီရေးအတွက် လေ့လာကြီးကြပ်မည့်လုပ်ငန်းတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။
- ဆင်းရဲနွမ်းပါးမှုသည် အခြေခံပညာသင်ယူမှု အခွင့်အလမ်းရရှိရေးအတွက် အဓိက အဟန့်အတားဖြစ်သောကြောင့် ဝေးလံခေါင်ဖျားကျေးလက်ဒေသနေကလေးများသည် မူလတန်းနှင့် အလယ်တန်းကျောင်းများသို့ တက်ရောက်နိုင်ရေးအတွက် ပိုမိုကြိုးပမ်းရန် လိုအပ်ပါသည်။ ထို့ပြင် မသန်စွမ်းကလေးများကျောင်းတက်ရောက်နိုင်ရန်နှင့် ရွှေ့ပြောင်းမိသားစုများမှ ကလေးများအတွက် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် အရင်းအမြစ်ထပ်ဆောင်းပံ့ပိုးမှုများ လိုအပ်လျက်ရှိပါသည်။

နယ်ပယ် (၃) အခြေခံပညာ သင်ရိုးညွှန်းတမ်း

အခြေခံပညာသင်ရိုးညွှန်းတမ်းနယ်ပယ်တွင် ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှု (၃)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- ၂၁ ရာစုကျွမ်းကျင်မှုများကို အလေးပေးပြီး အခြေခံပညာရေးဖွဲ့စည်းပုံအသစ် (သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ် စုစုပေါင်းကာလ ၁၂ နှစ်) နှင့်အညီ အခြေခံပညာသင်ရိုးညွှန်းတမ်းကို ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်ပါသည်။
- အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာများ၏ အတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်ပါသည်။
- သင်ရိုးညွှန်းတမ်းဆိုင်ရာ စီမံခန့်ခွဲမှု၊ လေ့လာကြီးကြပ်အကဲဖြတ်မှုနှင့် အသိပညာပေးခြင်းတို့ကို အားဖြည့်ဆောင်ရွက်ရန် လိုအပ်ပါသည်။

နယ်ပယ်(၄) ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း

ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်းနယ်ပယ်တွင် ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှု(၃)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- အခြေခံပညာကျောင်းများအတွက် ဘက်စုံလွှမ်းခြုံသော ပညာရည်စစ်ဆေး အကဲဖြတ်ခြင်းဆိုင်ရာ မူဝါဒတစ်ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက် ရပါမည်။ သင်ကြားသင်ယူမှု၊ စစ်ဆေးမှုတို့တွင် အလွတ်ကျက်မှတ်ဖြေဆိုမှုအပေါ် အလေးပေးနေသော လက်ရှိအခြေအနေသည် သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment)နှင့် သင်ယူအပြီး စစ်ဆေးအကဲဖြတ်ခြင်း (Summative Assessment)နှစ်မျိုးကို မျှတစွာ ပေါင်းစပ်ကျင့်သုံးသော စနစ်တစ်ရပ်ချမှတ်ရန် အရေးတကြီးလိုအပ်နေကြောင်းကို ထင်ရှားစွာပြသနေပါသည်။ထိုစနစ်တွင် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို အမျိုးသားအဆင့် သင်ယူမှု စံသတ်မှတ်ချက်များနှင့်အညီ စစ်ဆေးအကဲဖြတ်မည်ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာနသည် ကျောင်းသားများ၏ ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများအကြား ပေါင်းစပ်ညှိနှိုင်းမှု၊ စီမံခန့်ခွဲမှု၊ ကြီးကြပ်လမ်းညွှန်မှုတို့ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် မလွဲမသွေလိုအပ်ပါသည်။
- ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု မြင့်မားလာစေရန်နှင့် လေ့လာတွေ့ရှိချက်များအရ သင်ကြားသင်ယူမှုလုပ်ငန်းများကို ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရန်တို့အတွက် ကောင်းမွန်စွာစီစဉ်ရေးဆွဲထားသည့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ အကောင်အထည်ဖော်ရန် လိုအပ်နေပါသည်။ အဆိုပါအစီအစဉ်များတွင် ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာလုပ်ငန်းများဖြစ်သော စစ်ဆေးမှုဆိုင်ရာ မဟာဗျူဟာများ၊ မေးခွန်းလွှာပြုစုတည်ဆောက်ခြင်းအတတ်ပညာ၊ ရမှတ်များကို စိစစ်ခြင်းနှင့် တွေ့ရှိချက်များကို ဆန်းစစ်ကောက်ချက်ချခြင်းတို့ကို အလေးပေးရန် လိုအပ်ပါသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ ပညာရည်စစ်ဆေးအကဲ



ဖြတ်ခြင်း ဆိုင်ရာလုပ်ငန်းများနှင့် တာဝန်ဝတ္တရားများကိုလည်း ခေတ်နှင့်အညီ ပြင်ဆင်ချမှတ်ပေးရန် လိုအပ်ပါသည်။

– ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ရန် ပညာရေးဝန်ကြီးဌာန အောက်ရှိ ပညာရည်စစ်ဆေးခြင်းနှင့်သက်ဆိုင်သည့် ဌာနများအတွင်း ပေါင်းစပ်ညှိနှိုင်းမှု၊ စီမံခန့်ခွဲမှု၊ ကြီးကြပ်လမ်းညွှန်မှုတို့အတွက် လက်တွေ့ကျကျချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ထူထောင်ရန်လိုအပ်ပါသည်။ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်းတို့နှင့်သက်ဆိုင်သည့်စနစ်များကို ကျောင်းသားမိဘများနှင့် ပြည်သူများက နားလည်သဘောပေါက်ပြီး ပံ့ပိုးဆောင်ရွက်လာစေရေးအတွက် အသိပေးရန် အရေးကြီးပါသည်။

နယ်ပယ် (၅) ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု

ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုနယ်ပယ်တွင် ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှု (၃)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

– ဘက်စုံလွှမ်းခြုံ၍ ချိတ်ဆက်မှုရှိသော ဆရာစီမံခန့်ခွဲရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အရေးတကြီးလိုအပ်လျက်ရှိပါသည်။ အဆိုပါ ပြုပြင်ပြောင်းလဲမှုက ဆရာခန့်ထားရေး၊ ဆရာနေရာချထားရေးနှင့် ဆရာအဖြစ်ရေရှည်တည်မြဲရေးတို့ကို အားကောင်းစေမည်ဖြစ်ပြီး ထိရောက်၍ ပွင့်လင်းမြင်သာမှုရှိသော စွမ်းဆောင်ရည်အကဲဖြတ်ချက်နှင့် ဆရာ ရာထူးတိုးစနစ်တို့ကို ထူထောင်ပေးပါမည်။ ထို့ပြင် အမျိုးသားပညာရေးစနစ်အတွင်းရှိ ဆရာများအတွက် ရှင်းလင်းပြီး သာတူညီမျှရှိသော ဆရာ့သက်မွေးလုပ်ငန်း အဆင့်ဆင့် တိုးမြှင့်ပေးရေးလမ်းသွယ်များကိုလည်း ထူထောင်ပေးနိုင်ပါမည်။

– ဆရာအတတ်ပညာသင်ဌာနများဖြစ်သော ပညာရေးကောလိပ်များ၊ ပညာရေးတက္ကသိုလ်များနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တို့၏ သင်ကြားသင်ယူမှု၊ အခြေခံအဆောက်အအုံနှင့် စီမံခန့်ခွဲမှု အရည်အသွေးများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်နေပါသည်။

– ဆရာအတတ်ပညာနှင့် ကျွမ်းကျင်မှုများကို ရေရှည်မြှင့်တင်မှုပေးနိုင်သော အရည်အသွေးမြင့်မားသည့် အမျိုးသားအဆင့် ဆရာအတတ်ပညာ စဉ်ဆက်မပြတ်စွမ်းဆောင်ရည်မြင့်မားရေး အစီအစဉ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အဆိုပါ အစီအစဉ်သည် မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းအားလုံးတွင် သင်ယူတတ်မြောက်မှုမြင့်မားစေရန်အတွက် တိုင်းတာသိရှိနိုင်သော တိုးတက်မှုကို ဖြစ်ထွန်းစေပါမည်။

နယ်ပယ်(၆) ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး

ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးနယ်ပယ်တွင် ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှု (၄)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

– ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ယေဘုယျအညွှန်းဘောင်အဖြစ်ချမှတ်ပေးနိုင်မည့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးမူဝါဒတစ်ရပ်ကို သုတေသန ပြုရေးဆွဲပြီး အများပြည်သူတို့အား ကျယ်ကျယ်ပြန့်ပြန့် အသိပေးရန် လိုအပ်ပါသည်။

– ပညာရေးဝန်ကြီးဌာနသည် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလမ်းသွယ်များ၏ အဆင့်အမျိုးမျိုးတွင် ရောက်ရှိနေသော ကျောင်းပြင်ပရောက် သင်ယူသူများ၏ မတူကွဲပြားသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး အစီအစဉ် အမျိုးမျိုးကိုအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ပံ့ပိုးပေးရန်လိုအပ်ပါသည်။ အဆိုပါ အစီအစဉ်များသည် အရည်အသွေးရှိပြီး လက်လှမ်းမီနိုင်၍ ပြင်ဆင်ပြောင်းလဲနိုင်သော အသိအမှတ်ပြု အစီအစဉ်များ ဖြစ်ရပါမည်။

– အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဝန်ဆောင်မှုပေးသူများ အားလုံးအတွက် အမျိုးသားအဆင့် အရည်အသွေးစံသတ်မှတ်ချက်များရေးဆွဲပြီးစနစ်တကျပံ့မှုန် တိုင်းတာမှုပြုလုပ်ရန် လိုအပ်နေပါသည်။ ထိုသို့ပြုလုပ်မှသာ အရည်အသွေးရှိပြီး သင်ယူသူဗဟိုပြုကာ

လိုအပ်ချက်ကို တုံ့ပြန်ဖြည့်ဆည်းပေးနိုင်သော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးရရှိနိုင်မှု အခွင့်အလမ်းများ ပိုမိုတိုးတက်လာစေမည် ဖြစ်သည်။

- အစိုးရ၊ အစိုးရမဟုတ်သော ဝန်ဆောင်မှုပေးသူများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက်ကောင်းမွန်စေရန် ပညာရေးဝန်ကြီးဌာနသည် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍအတွင်း ပေါင်းစပ်ညှိနှိုင်းမှုကို တိုးချဲ့ပြီးအားကောင်းအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

နယ်ပယ်(၇) နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး

နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး နယ်ပယ်တွင်ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှု (၃)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

- အရည်အသွေးမြင့်မား၍ လူတိုင်းတက်ရောက်နိုင်မှု အခွင့်အလမ်းများဖန်တီးပေးနိုင်သော ကဏ္ဍစုံစုစည်းပါဝင်သည့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးသည် အလုပ်အကိုင် အခွင့်အလမ်းများတိုးပွားရေး၊ ဆင်းရဲမှုလျော့ကျရေးနှင့် စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ လူငယ်များ၏ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းရန်နှင့် နိုင်ငံ၏စီးပွားရေးကို မြင့်တင်ဆောင်ရွက်ရန်အတွက် အခြေခံပညာမပြီးဆုံးသူများနှင့် နည်းပညာနှင့် သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကို စိတ်ဝင်စားသော သူများ လေ့ကျင့်သင်ယူနိုင်သော လိုအပ်ချက် အခြေပြု နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး သင်တန်းများအကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။
- နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး သင်တန်းများသို့ တက်ရောက်နိုင်မှု အခွင့်အလမ်းများ ပိုမိုများပြားလာစေရန်၊ သင်တန်းဆင်းပြီးသောသူများ အလုပ်အကိုင်ရရှိစေရန်၊ လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် သင်ယူသူများ၏ သင်တန်းတက်ရောက်လိုမှု မြင့်မားလာစေရန် အတွက် နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး အရည်အသွေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။
- နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး ကဏ္ဍတစ်ခုလုံး လွှမ်းခြုံပါဝင်ပြီး အကောင်အထည်ဖော်မည့်အဖွဲ့အစည်းများအားလုံး အချိတ်အဆက်မိမိဖြင့် လုပ်ဆောင်နိုင်သည့် ဥပဒေနှင့်မူဝါဒအညွှန်းဘောင်ရေးဆွဲ၍ နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍစီမံခန့်ခွဲမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှု ပိုမိုအားကောင်းအောင် ဆောင်ရွက်နိုင်ရန် လိုအပ်နေပါသည်။

နယ်ပယ် (၈) အဆင့်မြင့်ပညာရေး

အဆင့်မြင့်ပညာရေးနယ်ပယ်တွင် ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှု (၄)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- သမားရိုးကျဗဟိုဦးစီးစနစ်ပုံစံမှ လုပ်ငန်းစွမ်းဆောင်နိုင်မှု၊ တာဝန်ခံမှုနှင့်ကိုယ်ပိုင် စီမံခန့်ခွဲမှုတို့ကို ဦးစားပေး၍ လုပ်ငန်းတာဝန်ခွဲဝေဆောင်ရွက်သောပုံစံ (Corporate Model)သို့ ပြောင်းလဲရန်လိုအပ်နေပါသည်။
- မြန်မာနိုင်ငံ အဆင့်မြင့်ပညာရေးစနစ်တွင် သင်ရိုးညွှန်းတမ်း၊ သင်ယူမှုဝန်းကျင်၊ သုတေသနနှင့် သင်ကြားရေးလုပ်ငန်းစဉ်များစသည့် အရည်အသွေးနှင့်သက်ဆိုင်သော လုပ်ငန်းများကို အဘက်ဘက်မှ မြှင့်တင်ပေးရန် လိုအပ်နေပါသည်။
- ငွေကြေးတတ်နိုင်မှုနှင့် လက်လှမ်းမီနိုင်မှုတို့သည် အဆင့်မြင့်ပညာရေးနှင့်ပတ်သက်သည့် သင်ယူမှု အခွင့်အလမ်းအပေါ် အဓိကလွှမ်းမိုးနေသောကြောင့် ကျောင်းသားများအနေဖြင့် အဆိုပါ အခက်အခဲကို ကျော်လွှားနိုင်ရန် ထောက်ပံ့ပေးသည့် အစီအစဉ်များ လိုအပ်နေပါသည်။
- မြန်မာနိုင်ငံအဆင့်မြင့်ပညာကျောင်းများတွင် အတွေးအခေါ် အသစ်များနှင့် ဆန်းသစ်တီထွင်မှုများဖွံ့ဖြိုးရေးအတွက် အဆိုပါကျောင်းများ၏ သုတေသနစွမ်းဆောင်ရည် (Research Capacity) ကို မြှင့်တင်ပေးရန် လိုအပ်နေပါသည်။

နယ်ပယ် (၉) စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည် မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှု

စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေး အာမခံမှုနယ်ပယ်တွင်ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှု (၄)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- ကျောင်းများနှင့် ပညာသင်ယူရာဌာနများတွင် ပညာအရည်အသွေးနှင့် ကျောင်းသားများ၏သင်ယူတတ်မြောက်မှုတို့ကို တိုးမြှင့်ပေးနိုင်ရန်အတွက် ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသော၊ အမျိုးသားအဆင့်အဖြစ် ပုံမှန်အကောင်အထည်ဖော်လျက်ရှိသော၊ စံသတ်မှတ်ချက်အခြေပြုထားသော အရည်အသွေးအာမခံမှုစနစ်တစ်ခုလိုအပ်နေပါသည်။
- ဝန်ကြီးဌာနများနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရာတွင် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို လွယ်ကူစွာဆောင်ရွက်ရန်၊ ပံ့ပိုးပေးရန်နှင့် ရေရှည်တည်တံ့စေရန်တို့အတွက် ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက်တို့တွင် ထိရောက်မှုရှိ၍ အားလုံးပါဝင်နိုင်သော ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများ လိုအပ်နေပါသည်။
- အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသော အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းရေးဆွဲရာတွင် စီမံကိန်းလုပ်ငန်းများ၊ လုပ်ငန်းအစီအစဉ်များအတွက် ပညာရေးကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံနိုင်သော အရည်အသွေးရှိ ပညာရေး စီမံခန့်ခွဲမှုအချက်အလက်များ(ဥပမာ–တိကျ၊ မှန်ကန်၊ အချိန်နှင့်တစ်ပြေးညီ၊ မဟာဗျူဟာမြောက်) မရရှိနိုင်ခြင်းသည် အဓိကစိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။
- အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံခန့်ခွဲမှုဖွဲ့စည်းပုံအသစ်များ၊ စနစ်များနှင့် လုပ်ထုံးလုပ်နည်းများတည်ထောင်ပြီး လက်ရှိကျင့်သုံးနေသောစနစ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်လည်း အားဖြည့်ပေါင်းစပ်ရန် လိုအပ်နေပါသည်။ ထို့ပြင် အမျိုးသားပညာရေးစနစ်အဆင့်တိုင်းရှိ ပညာရေးစီမံခန့်ခွဲမှု လုပ်ဆောင်နေသော စီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရန် အရည်အသွေးရှိသင်တန်းအစီအစဉ်များ လိုအပ်နေပါသည်။




၇.၀။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းရေးဆွဲရာတွင်အခြေခံသည့်မူများ

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရေးဆွဲရာတွင် အောက်ပါအကောင်းဆုံးလုပ်ထုံးလုပ်နည်းဆိုင်ရာ မူများကို အသုံးပြုထားပါသည်–

၇.၁။ အထောက်အထားအခြေပြုရေးမူ

လွန်ခဲ့သော(၂)နှစ်အတွင်း ပညာရေးဝန်ကြီးဌာနသည် ချိတ်ဆက်လျက်ရှိသော သတင်းအချက်အလက်အရင်းအမြစ် (၅)ခုကို ဖော်ထုတ်ဆန်းစစ်ခဲ့ပြီး အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆–၂၀၂၁) ကို ရေးဆွဲခဲ့ပါသည်။ ပုံ (၇.၁) တွင် ဖော်ပြထားပါသည်။ အဆိုပါ သတင်းအချက်အလက်အရင်းအမြစ် (၅)ခုကို အပြန်အလှန်နှိုင်းယှဉ်လေ့လာပြီး(၂၀၁၆–၂၀၂၁)ကာလအတွင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဦးစားပေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဖော်ထုတ်ထားပါသည်။

ပုံ (၇.၁) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရေးဆွဲရန် သတင်းအချက်အလက် အရင်းအမြစ်များ



၇.၂။ ညှိနှိုင်းဆွေးနွေးရေးမူ

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအစီရင်ခံစာများနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစီရင်ခံစာများ၏သိသာထင်ရှားသောအောင်မြင်မှုတစ်ရပ်မှာ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများနှင့် နိုင်ငံတစ်ဝန်းတွင် ကျယ်ပြန့်စွာ ညှိနှိုင်းဆွေးနွေးမှုဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လအတွင်း ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့ဝင်များသည် ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူ (၃,၁၉၉)ဦးနှင့် ညှိနှိုင်းဆွေးနွေးပွဲ (၁၀၇) ကြိမ်ပြုလုပ်ခဲ့ပြီး ဆွေးနွေးချက်များကို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ကဏ္ဍအလိုက် လုပ်ငန်းစီမံကိန်းမူကြမ်း (၉)စောင်တွင် ထည့်သွင်းရေးသားပြုစုခဲ့သည်။

၂၀၁၅ခုနှစ်၊ ဇူလိုင်လတွင် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းရုံးမှ အဖွဲ့ဝင်များသည်အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကဏ္ဍအလိုက် လုပ်ငန်းစီမံကိန်းမူကြမ်းများကို တစ်နိုင်ငံလုံးရှိ ခရိုင်ပေါင်း (၃၈)ခု၌ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူ (၁၃,၀၀၀)ကျော်ကို တစ်ရက်တာညှိနှိုင်း ဆွေးနွေးပွဲများကျင်းပပြီး ရှင်းလင်းတင်ပြခဲ့ကြသည်။ အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲများတွင် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်၊ မဟာဗျူဟာမြောက် အပြောင်းအလဲ (၉)ရပ်၊ မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးတင်ပြရာ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများကထောက်ခံ၍ အကြံပြုချက်များရရှိခဲ့ကြပါသည်။

၇.၃။ အရည်အသွေးကို အလေးပေးရေးမူ

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းဆိုင်ရာ အထောက်အထားအခြေပြုအချက်အလက်များကို အသေးစိတ်လေ့လာသုံးသပ်ရာတွင် အရည်အသွေးရှိသော ပညာရေးသည် အဓိကကျသော အချက်တစ်ခုဖြစ်ကြောင်းတွေ့ရှိရသည်။ အဆိုပါတွေ့ရှိချက်အရ ပညာရေးဝန်ကြီးဌာနသည်အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ပညာရေးကဏ္ဍခွဲအားလုံးတွင် အရည်အသွေးအလေးပေးသော ပညာရေး ပြုပြင်ပြောင်းလဲမှုများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များကို ထည့်သွင်းထားပါသည်။

၇.၄။ ချိတ်ဆက်ပေါင်းစည်းထားရေးမူ

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသည် ပညာရေးကဏ္ဍခွဲများနှင့် အဆင့်အလိုက် ပြုပြင်ပြောင်းလဲမှုများချိတ်ဆက်မှုကို အထူးအလေးပေးသည့် ပညာရေး ပြုပြင်ပြောင်းလဲမှုများဖြစ်ရန် ဘက်စုံလွှမ်းခြုံသည့် ချဉ်းကပ်နည်းစနစ်တစ်ခုကို ရေးဆွဲချမှတ်ခဲ့ပါသည်။

၇.၅။ ပြောင်းလဲမှုကို တိုင်းတာရေးမူ

ပညာရေးပြုပြင် ပြောင်းလဲမှုအတွက် သုတေသနများ ပြုလုပ်ခြင်းနှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို မူကြမ်းရေးဆွဲခြင်းစသည့် ကနဦးအဆင့်ကပင် ပညာရေး စီမံခန့်ခွဲသူများအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းမဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များ၏ အကျိုးသက်ရောက်မှုများကို စဉ်ဆက်မပြတ်တိုင်းတာနိုင်မည့် စနစ်များချမှတ်ရန် အရေးကြီးကြောင်း ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်တာဝန်ရှိပုဂ္ဂိုလ်များက အလေးအနက်ထည့်သွင်းစဉ်းစားဆောင်ရွက်ခဲ့ကြပြီး ဖြစ်ပါသည်။

၇.၆။ ကုန်ကျစရိတ်ခန့်မှန်းတွက်ချက်ရေးမူ

ပညာရေးဝန်ကြီးဌာနသည် (၅)နှစ်တာကာလအတွင်း ဆောင်ရွက်ရန် အဆိုပြုထားသော မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များအတွက် နိုင်ငံတော်အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ခန့်မှန်းထားသော ရန်ပုံငွေပံ့ပိုးနိုင်မှုအခြေအနေနှင့် ကိုက်ညီစေရန် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ကုန်ကျစရိတ်ခန့်မှန်းတွက်ချက်မှုကို ဆောင်ရွက်ခဲ့သည်။

၇.၇။ လက်လှမ်းမီရေးမူ

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်းကို ပြည်သူလူထုတစ်ရပ်လုံးက လက်လှမ်းမီနိုင်ရန် အထူးအလေးပေး ဆောင်ရွက်ခဲ့ပါသည်။

၇.၈။ လိုက်လျောညီထွေမှုရှိရေးမူ

ပညာရေးဝန်ကြီးဌာနက ရေးဆွဲခဲ့သော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသည် အစိုးရ၏ ပညာရေး ပြုပြင်ပြောင်းလဲမှု ဦးစားပေးလုပ်ငန်းများနှင့် အပြည့်အဝလိုက်လျောညီထွေမှုရှိပါသည်။

၈.၀။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရည်မှန်းချက်ပန်းတိုင်

ပညာရေးဝန်ကြီးဌာနသည် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အကုန်တွင် "ကျောင်းများနှင့် ပညာသင်ယူရာဌာနအားလုံးတွင် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာ တိုးတက်လာရေးကို ဦးတည်သည့် ပိုမိုတိုးတက်ကောင်းမွန်သော သင်ကြားသင်ယူမှု၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ဖြစ်ထွန်းလာစေရေး" ဟူသော ရည်မှန်းချက်ပန်းတိုင်ကို ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်မည်ဟု သတ်မှတ်ထားပါသည် –

အဆိုပါ ရည်မှန်းချက်ပန်းတိုင်ထားရှိရခြင်း၏ အဓိကအကြောင်းရင်း(၃)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

၈.၁။ မိဘနှင့်ကျောင်းသားများ၏ မျှော်မှန်းချက်များ မြင့်မားခြင်း

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့် စပ်လျဉ်းသော ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရာတွင် ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူအားလုံး၏ သဘောတူညီချက် တစ်ရပ်မှာ မိဘများသည် အမျိုးသားပညာရေးစနစ်၏အဆင့်တိုင်းတွင် ၎င်းတို့သားသမီးများ၏ သင်ယူတတ်မြောက်မှုများကို သိသာထင်ရှားစွာ တိုးတက်ရန် လိုလားနေခြင်း ဖြစ်ပါသည်။ အဆိုပါ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးသည့် အနေဖြင့် လာမည့် (၅)နှစ်တာကာလအတွင်း မူကြိုကျောင်းများ၊ အခြေခံပညာကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များနှင့် ပညာသင်ယူရာဌာနများအားလုံးမှ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုတိုးတက်လာစေရန် ပြုပြင်ပြောင်းလဲ



မှုလုပ်ငန်းအမျိုးမျိုး၊ ဆန်းသစ်သော မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

၈.၂။ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းပါ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆရာများသည် အဓိကအခန်းကဏ္ဍ၌ ပါဝင်နေခြင်း

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းပါ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆရာများသည် အဓိကနေရာမှ ပါဝင်ရမည့်သူများဖြစ်ကြောင်း နိုင်ငံတွင်းနှင့် နိုင်ငံတကာသုတေသနအထောက်အထားများက အလေးပေးဖော်ပြထားပါသည်။ ဥပမာ – အခြေခံပညာရေးမှ ဆရာများသည် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ရမည်ဖြစ်သကဲ့သို့ ဆရာနှင့်ကျောင်းသား အပြန်အလှန် ဆက်သွယ်မှုရှိသော သင်ကြားနည်းအတတ်ပညာများနှင့် အကဲဖြတ်ခြင်းစနစ်အသစ်ကို အကောင်အထည်ဖော်ကျင့်သုံးရာတွင်လည်း ပါဝင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ဆရာများသည် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းရည်မှန်းချက်ပန်းတိုင်၏ အဓိကအခန်းကဏ္ဍတွင် ပါဝင်မည် ဖြစ်ပါသည်။

၈.၃။ မြန်မာနိုင်ငံ၏ လူမှုရေးနှင့်စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးနှင့် အဆင့်မြင့်ပညာရေးတို့သည် အခြေခံကျသော အခန်းကဏ္ဍမှ ပါဝင်ခြင်း

လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့စေရန် မြန်မာ့စီးပွားရေးနယ်ပယ်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရည်အသွေးမြင့်မားသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးသည် အထူးလိုအပ်သည်။ လာမည့်နှစ်များတွင် စိုက်ပျိုးရေး၊ စွမ်းအင်၊ ကုန်ထုတ်လုပ်မှု၊ သတင်းအချက်အလက်နည်းပညာနှင့် လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်း၊ ဆောက်လုပ်ရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ တိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများစွာ လိုအပ်လာပါမည်။ အဆိုပါ လိုအပ်ချက်များကိုဖြည့်ဆည်းရာတွင် နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးစနစ်သည် သင်ယူသူများအား မိမိတို့၏အလုပ်အကိုင်ဆိုင်ရာ မျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးပြုလာနိုင်စေမည့် အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုများ ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။

အဆင့်မြင့်ပညာရေးသည် အစိုးရအဖွဲ့အစည်း၊ စီးပွားရေးကဏ္ဍနှင့် စက်မှုလက်မှုလုပ်ငန်းတို့အတွက် လိုအပ်သော အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ် (Human Capital) ကို ပြုစုပျိုးထောင်ပေးရန် တာဝန်ရှိပါသည်။ အဆင့်မြင့်ပညာကျောင်းများအနေဖြင့် ကမ္ဘာတစ်ဝန်း စီးပွားရေးယှဉ်ပြိုင်မှုများပြားသည့် လူမှုဝန်းကျင်တွင်လိုအပ်သော သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ ဆန်းသစ်တီထွင် ဖန်တီးနိုင်သောတွေးခေါ်ကြံဆမှုများပြုစုပျိုးထောင်ပေးခြင်းတို့ကို ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။

၉.၀။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရည်မှန်းချက်ပန်းတိုင်ကို ပေါက်မြောက်အောင်မြင်စေမည့် မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်ကို ပေါက်မြောက်အောင်မြင်စေနိုင်မည့် မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်ကို ဖော်ထုတ်သတ်မှတ်ထားပါသည်။ ပုံ (၉.၁) တွင် ဖော်ပြထားပါသည်။ မဟာဗျူဟာမြောက်အပြောင်းအလဲဆိုသည်မှာ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံပညာရေးကဏ္ဍ တစ်ခုချင်းစီ၏ ရည်ရွယ်ထားသော အနာဂတ်အခြေအနေကို ဖော်ပြထားသည့် မျှော်မှန်းချက်ဖြစ်ပါသည်။

အရေးကြီးဆုံးအနေဖြင့် မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်သည် "လူသားအားလုံးအကျုံးဝင်မှုရှိကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေး" ဟူသော ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် – ၄ (Sustainable Development Goal – 4)ကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ပေါက်မြောက်အောင်မြင်နိုင်ရန် သိသာထင်ရှားစွာ အထောက်အကူပြုပါမည်။



ပုံ (၉.၁) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာမြောက်အပြောင်းအလဲ(၉)ရပ်



၁၀.၀။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ အဓိကကဏ္ဍများ

မဟာဗျူဟာမြောက်အပြောင်းအလဲ(၉)ရပ်ကို ပေါက်မြောက်အောင်မြင်စေရန် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများရှိ တာဝန်ယူဆောင်ရွက်ရမည့် ဦးစီးဌာနများသည် အပြန်အလှန်ဖြည့်ဆည်းမှုရှိသည့် မဟာဗျူဟာများနှင့် အစီအစဉ်များကို ကဏ္ဍအားလုံးလွှမ်းခြုံပြီး ကောင်းစွာပေါင်းစပ်ညှိနှိုင်းလျက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါလိမ့်မည်။ ပညာရေးကဏ္ဍအတွင်းနိုင်ငံတော်အစိုးရနှင့် အလှူရှင်များ၏ပံ့ပိုးမှုကို ပိုမိုအကျိုးရှိထိရောက်စေရေးအတွက် အဆိုပါ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုသည် အရေးကြီးပါသည်။

ပညာရေးဝန်ကြီးဌာနသည် ၂၀၂၁ခုနှစ်တွင် အမျိုးသားပညာရေးမဟာဗျူဟာ ရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာမြောက်အပြောင်းအလဲ (၉) ရပ်ကို အကောင်အထည်ဖော်ရာတွင် ပေါက်မြောက်အောင်မြင်စေနိုင်မည့် ကဏ္ဍအလိုက်မဟာဗျူဟာများ၊ အစီအစဉ်များနှင့် လုပ်ငန်းအစီအစဉ်များကို အောက်တွင်ဖော်ပြထားပါသည်–

၁၀.၁။ မူကြိုနှင့် သူငယ်တန်းပညာရေး

နိုင်ငံတော်အစိုးရသည် အမျိုးသားအဆင့် စီးပွားဖွံ့ဖြိုးမှုတိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်ဆဲ လူမှုရေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏ အဓိကအစိတ်အပိုင်းတစ်ခုအနေဖြင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် အရည်အသွေးရှိသော မူကြိုနှင့်သူငယ်တန်းပညာရေးအခွင့်အလမ်းများကို တိုးမြှင့်ဆောင်ရွက်ရန် ကတိကဝတ်ပြုထားပါသည်။ စီးပွားရေးပညာရှင်များ၊ ကလေးသူငယ် ဖွံ့ဖြိုးရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာရှိ လူမှုရေးမူဝါဒဆိုင်ရာ သုတေသနပညာရှင်များက ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဝန်ဆောင်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အဓိကရင်းနှီးမြှုပ်နှံမှုများထဲမှ တစ်ခုဖြစ်ကြောင်းနှင့် ထိုသို့ရင်းနှီးမြှုပ်နှံခြင်းသည် တခြားပညာရေးကဏ္ဍများတွင်ရင်းနှီးမြှုပ်နှံခြင်းကိုလည်းပိုမို၍အကျိုးသက်ရောက်မှုမြင့်မားစေသည်ဟု သတ်မှတ်ကြပါသည်။

အမျိုးသားပညာရေးဥပဒေ (၂၀၁၄)၏ အခန်း(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)တွင် " ရှေးဦးအရွယ် ကလေးသူငယ်ပညာရေးဆိုသည်မှာ မွေးစမှအသက်ရှစ်နှစ်ပြည့်သည့် အရွယ်အထိ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်၊ ဖွံ့ဖြိုးမှုအဆင့်နှင့်ကိုက်ညီသော နည်းလမ်းများကိုအသုံးပြုပြီး ပြုစုပျိုးထောင်ပေးသော ပညာရေးကိုဆိုသည်။" အခန်း(၁)ပုဒ်မ ၂၊ပုဒ်မခွဲ (ဏ)တွင် "မူကြိုပညာရေးဆိုသည်မှာ အသက် သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံပညာဆက်လက်သင်ယူနိုင်ရေးတို့အတွက် ပြုစုပျိုးထောင်ပေးသောပညာရေးကိုဆိုသည်။"အခန်း(၁)ပုဒ်မ ၂၊ ပုဒ်မခွဲ (တ)တွင် "သူငယ်တန်းပညာရေးဆိုသည်မှာ ပထမတန်းသို့ ကူးပြောင်းမှုလွယ်ကူစေရန် အသက်ငါးနှစ်ပြည့်ပြီး ကလေးများအတွက် ဘက်စုံဖွံ့ဖြိုးမှုနှင့် သင့်လျော်သောနည်းလမ်းများကိုအသုံးပြုပြီးပြုစုပျိုးထောင်ပေးသည့် ပညာရေးကို ဆိုသည်" ဟု ဖော်ပြထားပါသည်။ အခန်း(၅) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)တွင် "သူငယ်တန်းပညာရေးကို မူလတန်းအဆင့်ပညာရေး၏ အခြေခံအတန်းအဖြစ် သတ်မှတ်သည်" ဟုဖော်ပြထားသည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံ၏ မူကြိုပညာရေးဆိုင်ရာ အခွင့်အလမ်းများသည်အာရှပစိဖိတ်ဒေသရှိ နိုင်ငံအများစုနှင့်နှိုင်းယှဉ်လျှင် များစွာ နောက်ကျလျက်ရှိပါသည်။ အရည်အသွေးရှိသော မူကြိုနှင့် သူငယ်တန်းပညာရေးဆိုင်ရာ အခွင့်အလမ်းရရှိမှု အကန့်အသတ်ဖြင့်သာရှိနေခြင်းကြောင့် ကလေးများကျောင်းတက်ရန် အဆင်သင့်ဖြစ်ရေး၊ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုရလဒ်မြင့်မားရေး၊ ရပ်ရွာလူထု၏ကောင်းကျိုးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုးသက်ရောက်မှုတို့ကို ထိခိုက်စေပါသည်။

မူကြိုနှင့်သူငယ်တန်းပညာရေးဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲ ပေါက်မြောက်အောင်မြင်စေရန် အပြန်အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ (၄)ရပ်နှင့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်–

မဟာဗျူဟာ (၁) မူကြို၀န်ဆောင်မှုဆိုင်ရာ အုပ်ချုပ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်း။

အစီအစဉ် – မူကြိုပညာရေးဆိုင်ရာ အုပ်ချုပ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) အရည်အသွေးရှိ မူကြို၀န်ဆောင်မှုအခွင့်အလမ်း တိုးချဲ့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မြို့နယ်နှင့် ခရိုင်အဆင့် မူကြိုကော်မတီများ တည်ထောင်ခြင်း။

လုပ်ငန်းအစီအစဉ် (၂) နိုင်ငံတစ်၀န်းလုံးတွင် မူကြိုသင်ယူမှုအခွင့်အလမ်းနှင့် စပ်လျဉ်းသည့်အရည်အသွေးရှိအချက်အလက်များရရှိရေးအတွက် မူကြိုကျောင်းများ၏ တည်နေရာနှင့် ကျောင်းနယ်မြေသတ်မှတ်ပြီး မြေပုံရေးဆွဲခြင်းနှင့် အခြေခံသတင်းအချက်အလက်များ ကောက်ယူခြင်း။ (အခြေခံပညာဦးစီးဌာန အခြေခံစာရင်းအင်းနှင့်ပေါင်းစည်း၍ ဆောင်ရွက်မည်။)

စီမံကိန်းအပြီးရလဒ် – မူကြိုကော်မတီများ၏ မူကြို၀န်ဆောင်မှုများအပေါ် ပိုမိုကောင်းမွန်သည့် အုပ်ချုပ်မှုနှင့်ပေါင်းစပ်ညှိနှိုင်းမှုဖြင့် မူကြိုပညာရေးကို ထိရောက်စွာ ဆောင်ရွက်ခြင်း။

မဟာဗျူဟာ (၂) ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျားဒေသများရှိ ကလေးများအတွက် မူကြို၀န်ဆောင်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်း။

အစီအစဉ် – မူကြိုပညာရေး သင်ယူခွင့်ရရှိရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) မူကြိုပညာရေးအများဆုံးလိုအပ်သော ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျားဒေသများရှိ ကလေးများအား အရည်အသွေးရှိ မူကြိုပညာရေးအကျိုးကျေးဇူးများရရှိစေရန်အတွက် မူကြိုထောက်ပံ့ကြေးများ ပံ့ပိုးပေးခြင်းဖြင့် ကျောင်းအခြေပြုနှင့်ရပ်ရွာအခြေပြုမူကြိုများ တိုးချဲ့ဆောင်ရွက်ခြင်း။

လုပ်ငန်းအစီအစဉ် (၂) အထူးလိုအပ်ချက်ရှိသော သုံးနှစ်မှငါးနှစ်အရွယ် ကလေးများအား ကျောင်းသင်ပညာရေးသို့ကူးပြောင်းရာတွင် ချောမွေ့စေရေးအတွက် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ (Early Childhood Intervention – ECI)ဆောင်ရွက်ခြင်း။

စီမံကိန်းအပြီးရလဒ် – ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျားဒေသများရှိ သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များ အရည်အသွေးရှိ မူကြို၀န်ဆောင်မှု အခွင့်အလမ်းပိုမိုရရှိလာခြင်း။

မဟာဗျူဟာ (၃) မူလတန်းကျောင်းသို့ ဝင်ရောက်မည့် ကလေးများကို ပိုမိုကောင်းမွန်စွာ ပြင်ဆင်ပေးရန် မူကြို ကျောင်းများ၏ အရည်အသွေးကို မြှင့်တင်ပေးခြင်း။

အစီအစဉ် – မူကြိုကျောင်းများ အရည်အသွေး တိုးတက်ရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) ကျောင်းအခြေပြုနှင့်ရပ်ရွာ အခြေပြု မူကြိုကျောင်းများ၏ အရည်အသွေး တိုးမြှင့် ရေးအတွက် ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျား ဒေသများရှိ မူကြိုကျောင်းများအတွက် ထောက်ပံ့မှု အမျိုးမျိုးကို စုစည်းပံ့ပိုးပေးခြင်း။ (Integrated Packages များပံ့ပိုးပေးခြင်း)

လုပ်ငန်းအစီအစဉ် (၂) မူကြိုကျောင်းများတွင် သင်ယူ မှုမြှင့်တင်ရေးအတွက် အမျိုးသားအဆင့် မူကြိုဆရာ အတတ်သင်တန်းနှင့် မူကြိုကော်မတီများအား စီမံခန့်ခွဲမှု သင်တန်းပေးခြင်း။

လုပ်ငန်းအစီအစဉ် (၃) မူကြိုကျောင်းအားလုံးအတွက် မူကြိုစံသတ်မှတ်ချက်များ အောင်မြင်မှုကို စစ်ဆေး အကဲဖြတ်ပြီး မူကြိုပညာရေးဆိုင်ရာ အရည်အသွေး အာမခံမှုစနစ်ထူထောင်ခြင်း။

စီမံကိန်းအပြီးရလဒ်– အရည်အသွေးပြည့် မူကြိုသင်ယူ ခွင့်ရရှိသော ကလေးများသည် သူငယ်တန်းတွင် သင်ယူရန် ပိုပြီးအဆင်သင့်ဖြစ်ခြင်း။

မဟာဗျူဟာ (၄) အရည်အသွေးရှိ သူငယ်တန်း ပညာရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

အစီအစဉ် – အရည်အသွေးရှိ သူငယ်တန်းအတန်း များ ဖွင့်လှစ်ရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) အခြေခံပညာကျောင်းအားလုံး တွင် သူငယ်တန်းအတွက် လိုအပ်သော သူငယ်တန်း ဆရာ၊ အဆောက်အအုံ၊ ပရိဘောဂနှင့် သင်ထောက် ကူများ ဖြည့်ဆည်းပေးခြင်း။ (အခြေခံပညာရေးနှင့် ချိတ်ဆက်မည်။)

လုပ်ငန်းအစီအစဉ် (၂) သူငယ်တန်းပညာရေးတွင် မိဘများပိုမို ပါဝင်မှုရှိလာအောင် မြှင့်တင်ခြင်း။

လုပ်ငန်းအစီအစဉ် (၃) အမျိုးသားအဆင့် သူငယ်တန်း အထူးပြု ဆရာအတတ်သင်တန်း အကောင်အထည် ဖော်ခြင်း။


စီမံကိန်းအပြီးရလဒ်– သူငယ်တန်းပြီးမြောက်ပြီး ကလေးများသည် ပထမတန်းသို့ အောင်မြင်စွာ ကူးပြောင်းနိုင်ခြင်း။



၁၀.၂။ ၂၁ ရာစုအတွက် အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများ

အခြေခံပညာကဏ္ဍတွင် ပြုပြင်ပြောင်းလဲရေး ပြုလုပ်ရမည့် အဓိကနယ်ပယ်များဖြစ်သည့် (က)အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု၊ (ခ)သင်ရိုးညွှန်းတမ်း၊ (ဂ) ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်း၊ (ဃ) ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု စသည့် နယ်ပယ်များအကြား အပြန်အလှန် အဓိသဟဲရှိမှုနှင့် ဖြည့်စွက်ပံ့ပိုးမှုတို့ကို အခြေခံပညာပြုပြင်ပြောင်းလဲမှု သဘောတရား အညွှန်းဘောင် ပုံ (၁၀.၁) တွင် ဖော်ပြထားပါသည်။ ထို့ပြင် ဤအညွှန်းဘောင်တွင် အရေးကြီးသည့် လမ်းညွှန်အခြေခံမူ (၄)ရပ်ကို အလေးပေးဖော်ပြထားပါသည်။

ပုံ (၁၀.၁) အခြေခံပညာပြုပြင်ပြောင်းလဲမှု သဘောတရားအညွှန်းဘောင်



အခြေခံမူ (၁) စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် အစီအစဉ်များကို စနစ်တကျ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို အမြင့်မားဆုံး တိုးတက်စေခြင်း

ဤအခြေခံမူသည် အခြေခံပညာရေး–အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု၊ အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း၊ ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု ကဏ္ဍာတို့ရှိ မဟာဗျူဟာမြောက်ပြုပြင်ပြောင်းလဲမှုများကို လာမည့် (၅)နှစ်တာကာလအတွင်း ထိရောက်မှုရှိသည့် အစီအစဉ်တကျ ညှိနှိုင်းဆောင်ရွက်မှု၏ အရေးပါမှုကို အလေးပေးဖော်ပြထားပါသည်။ အဆိုပါကဏ္ဍများရှိ ပြုပြင်ပြောင်းလဲမှုများသည် အပြန်အလှန် ချိတ်ဆက်နေသောကြောင့် ၎င်းတို့ကို အပြည့်အဝ ဟန်ချက်ညီမျှမှုရှိသော ချဉ်းကပ်နည်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အခြေခံမူ (၂) ကျောင်းသားများ၏ သင်ယူမှုတိုးတက်ကောင်းမွန်စေရန် တက်ကြွပြီး အပြန်အလှန်တာဝန်ခံ၊ တာဝန်ယူမှုရှိစေခြင်း

အခြေခံပညာပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည် အမျိုးသားပညာရေးစနစ် အဆင့်အားလုံးရှိ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၏ တက်ကြွပြီး အပြန်အလှန်တာဝန်ခံ၊ တာဝန်ယူမှုရှိစေခြင်းအပေါ်တွင် မူတည်နေသည်။ ဥပမာအားဖြင့် မြို့နယ်ပညာရေးမှူးများသည် ကျောင်းများရှိ သင်ကြားသင်ယူမှု တိုးတက်ကောင်းမွန်စေရေးအတွက် ကျောင်းအုပ်များကို တာဝန်ခံကြပ်မတ်သည့်နည်းတူ ကျောင်းအုပ်များကလည်း ဆရာများအတွက် အရည်အသွေးရှိ လုပ်ငန်းခွင်သင်တန်းများနှင့် ကျောင်းထောက်ပံ့ကြေးများရရှိရေးတို့ကို မြို့နယ်ပညာရေးမှူးများထံမှ တောင်းဆိုရမည်ဖြစ်ပါသည်။

အခြေခံမူ (၃) မြို့နယ်နှင့် ကျောင်းအခြေပြု ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ မူဝါဒပြုပြင်ပြောင်းလဲမှုများကို အထောက်အကူပြုခြင်း

အခြေခံပညာပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျောင်းများတွင် ပြောင်းလဲမှုများပြုလုပ်နိုင်ရန် ကျောင်းအုပ်များနှင့် မိဘဆရာအသင်းများအား ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များ ပိုမို အပ်နှင်းထားရန် လိုအပ်ပါသည်။ ထို့ပြင် အခြေခံပညာပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျောင်းများကို ပံ့ပိုးနိုင်ရန် မြို့နယ်အဆင့် ပညာရေးဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအား လုပ်ပိုင်ခွင့်ပေးရန် လိုအပ်ပါသည်။

အခြေခံမူ(၄) အခြေခံပညာပြုပြင်ပြောင်းလဲမှု လုပ်ငန်းများရေရှည်တည်တံ့စေရေးအတွက် အထောက်အကူပြုရန် ကျောင်းများကို လုပ်ပိုင်ခွင့်ပေးသော နည်းလမ်းများ ဖော်ထုတ်ခြင်း

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ရေရှည်တည်တံ့စေရန်နှင့် အထောက်အကူပြုနိုင်ရန် အတွက် ကျောင်းများကို လုပ်ပိုင်ခွင့်ပေးသောနည်းလမ်းများ အဖြစ် ကျောင်းဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းအရည်အသွေး အာမခံမှု စစ်ဆေးအကဲဖြတ်ခြင်းနှင့် ကျောင်းအရည်အသွေး ထောက်ပံ့ကြေးတို့ကို ဖော်ထုတ်သတ်မှတ်ထားပါသည်။ အခြေခံပညာပြုပြင်ပြောင်းလဲမှု သဘောတရားအညွှန်းဘောင်တွင် ဖော်ပြထားသော အခြေခံမူ(၄)ရပ် ပေါက်မြောက်အောင်မြင်စေရန် အပြန်အလှန် ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ (၃)ရပ်နှင့် အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပါမည်–

မဟာဗျူဟာ (၁) မူဝါဒ၊ ဥပဒေနှင့်စနစ်များကို အားကောင်းစေခြင်း။

အစီအစဉ် – အခြေခံပညာရေး မူဝါဒ၊ ဥပဒေနှင့် စနစ်များ အစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) အခြေခံပညာကျောင်းသားများ၏ သင်ယူတတ်မြောက်မှုတိုးတက်ကောင်းမွန်ရေးနှင့် အခြေခံပညာပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်မှုကို ကျောင်းအုပ်များအနေဖြင့် ပံ့ပိုးပေးနိုင်ရေးတို့အတွက် ကျောင်းများနှင့် မြို့နယ်များတွင် ဆုံးဖြတ်ချက် ချမှတ်ခြင်းဆိုင်ရာ မူဝါဒ။

စီမံကိန်းအပြီးရလဒ်– စာသင်ခန်းတွင်းသင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုများ တိုးတက်မြင့်မားလာစေရန် ကျောင်းများနှင့် မြို့နယ်များတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ မူဝါဒဖြင့် ကျောင်းအုပ်များနှင့် မိဘဆရာအသင်းများကို လုပ်ပိုင်ခွင့်ပိုမိုအပ်နှင်းခြင်း။

မဟာဗျူဟာ (၂) ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေခြင်း။

အစီအစဉ် – ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) အခြေခံပညာပြုပြင်ပြောင်းလဲမှုများတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ရပ်ရွာအခြေပြုကျောင်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများက ပံ့ပိုးပေးထားသည့် ကျောင်းများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ ကျောင်းများစသည့် ပညာရေးဝန်ဆောင်မှုပေးသူ အမျိုးမျိုး၏ ပါဝင်ဆောင်ရွက်မှုကိုပံ့ပိုးရန်အတွက် ပူးပေါင်းဆောင်ရွက်ရေးယန္တရားတစ်ခုကို ရှာဖွေဖော်ထုတ်ခြင်း။

စီမံကိန်းအပြီးရလဒ်– အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ရာတွင် ပညာရေးနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းအသီးသီးက ပိုမိုတက်ကြွစွာ ဆောင်ရွက်လာခြင်း။

မဟာဗျူဟာ (၃) ထောက်ခံအားပေးမှုရယူခြင်းနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း။

အစီအစဉ် – ထောက်ခံအားပေးမှုရယူရေးနှင့် ဆက်သွယ်ဆောင်ရွက်ရေး အစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) အခြေခံပညာပြုပြင်ပြောင်းလဲမှုများတွင် မည်သည့်အရာများ ပါဝင်မည်၊ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုနှင့်စာသင်ခန်းတွင်း သင်ကြားမှုကို မည်ကဲ့သို့တိုးတက်ကောင်းမွန်အောင် ပြုလုပ်မည်တို့နှင့်စပ်လျဉ်း၍ ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူများအနေဖြင့် နားလည်သဘောပေါက်စေရန် ဆက်သွယ်စည်းရုံးလှုပ်ရှားခြင်း။

လုပ်ငန်းအစီအစဉ် (၂) အခြေခံပညာပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာအကောင်အထည်ဖော်ရေးအတွက် မျှော်လင့်မထားသောအတားအဆီးများကို သိရှိနားလည်ပြီးဖြေရှင်းဆောင်ရွက်နိုင်ရန်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ရာ၌ တွေ့ကြုံရမည့် စိန်ခေါ်မှုများနှင့် ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူတို့၏ သဘောထားအမြင်များကိုလေ့လာမှုပြုလုပ်ခြင်း။

စီမံကိန်းအပြီးရလဒ်– အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့်ပတ်သက်၍ နိုင်ငံတစ်ဝန်းရှိ ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူများ၏ ထောက်ခံအားပေးမှု၊ ပံ့ပိုးကူညီမှုရရှိလာခြင်း။



၁၀.၃။ အခြေခံပညာရေး – အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု

အရည်အသွေးရှိအခြေခံပညာ သင်ယူမှုအခွင့်အလမ်းများ တိုးတက်မြင့်မားရေးသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်သာတူညီမျှမှုရှိရေးအတွက်အရေးကြီးပါသည်။ ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အမျိုးသားပညာရေးဥပဒေသည် နိုင်ငံသားတိုင်း ပညာသင်ယူဆည်းပူးနိုင်သည့် အခွင့်အရေးနှင့်အထူးသဖြင့် အခမဲ့မသင်မနေရ မူလတန်းပညာသင်ယူခွင့်တို့ကို အသိအမှတ်ပြုထားသည်။ အဆိုပါဥပဒေတွင် ပညာရေးအရည်အသွေး အာမခံမှုစနစ်တစ်ရပ် ထူထောင်ရန်လည်း ပြဋ္ဌာန်းသတ်မှတ်ပေးထားပြီး သူငယ်တန်းအပါအဝင် အခြေခံပညာသင်ကာလကို(၁၃)နှစ်အထိ တိုးမြှင့်ထားပါသည်။ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကိုသင်ယူခွင့်ပြုပြီး တိုင်းရင်းသားဘာသာစကားကို စာသင်ခန်းသုံးဘာသာစကားအဖြစ် အသုံးပြုရန်ခွင့်ပြုထားပါသည်။ ထို့ပြင် အမျိုးသားပညာရေးဥပဒေတွင် လူတိုင်းအကျုံးဝင်ပညာရေး ၏ အဓိပ္ပာယ်ကိုဖွင့်ဆိုထားပြီး ၎င်းနှင့်ပတ်သက်၍ ကတိကဝတ်လည်းပြုထားပါသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော ပညာရေးစနစ်ကို ဦးတည်ဖော်ဆောင်ရန်လည်း သတ်မှတ်ထားပါသည်။ အစိုးရကျောင်းမဟုတ်သည့် တခြားကျောင်းအမျိုးအစားများကိုလည်း အမျိုးသားပညာရေးဥပဒေက အသိအမှတ်ပြုထားပါသည်။

လွန်ခဲ့သောနှစ်များအတွင်း အခြေခံပညာပြုပြင်ပြောင်းလဲမှုများတွင် ပေါက်မြောက်အောင်မြင်မှုများ ရှိခဲ့သော်လည်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ အဆိုပါ စိန်ခေါ်မှုများတွင် ပညာသင်ယူမှုအခွင့်အလမ်း၊ ကျောင်းနေမြဲမှုနှင့်လူတိုင်းအကျုံးဝင်မှု၊ သာတူညီမျှမှုနှင့် ပညာရေးအရည်အသွေးစံနှုန်းများဖြင့် ကျောင်းအရည်အသွေးအာမခံမှုတို့ ပါဝင်ပါသည်။

အခြေခံပညာရေး– အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှုဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲပေါက်မြောက်အောင်မြင်စေရန်အပြန်အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ(၃)ရပ်နှင့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်–

မဟာဗျူဟာ (၁) ကလေးအားလုံး အခမဲ့အခြေခံပညာကို သင်ယူခွင့်ရရှိစေရန်ဆောင်ရွက်ခြင်း။

အစီအစဉ် - အခမဲ့အခြေခံပညာကို ကလေးအားလုံးသင်ယူခွင့် ရရှိစေရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) အခွင့်အလမ်းနည်းပါးသော ဒေသများကို အထူးအလေးပေး၍ တစ်နိုင်ငံလုံးတွင် အဆင့်တိုးမြှင့်ရန်နှင့် တိုးချဲ့ရန်လိုအပ်သော ကျောင်းများကို ဖော်ထုတ်သတ်မှတ်ရေးနှင့် အခွင့်အလမ်း ကွာဟမှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးတို့အတွက် ပညာရေးစီမံခန့်ခွဲသူများ အသုံးပြုမည့် နိုင်မာသော အထောက်အထားအခြေခံတစ်ခု တည်ဆောက်နိုင်ရန် ကျောင်းများ၏ တည်နေရာနှင့်ကျောင်းနယ်မြေ သတ်မှတ်ပြီး မြေပုံရေးဆွဲခြင်းနှင့် အခြေခံပညာကျောင်းများဆိုင်ရာ အခြေခံသတင်းအချက်အလက်များ ကောက်ယူခြင်း။

လုပ်ငန်းအစီအစဉ် (၂) သင်ယူသူများသည် အခြေခံပညာ သင်ယူမှုအခွင့်အလမ်း ပိုမိုရရှိစေရန် ဖွံ့ဖြိုးမှုနည်းပါးသော ဒေသများကို အထူးအလေးပေး၍ လိုအပ်သော ဒေသများတွင် တည်ဆဲကျောင်းများတိုးချဲ့ခြင်း၊ ကျောင်းများအဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းအသစ်များ ဆောက်လုပ်ခြင်း။

လုပ်ငန်းအစီအစဉ် (၃) အခွင့်အလမ်းနည်းပါးသော ဒေသများရှိ အခြေခံပညာကျောင်းများကို ဦးစားပေး၍ တစ်နိုင်ငံလုံးရှိ ကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်း။

စီမံကိန်းအပြီးရလဒ်- ကလေးအားလုံး ယောက်ျားလေး၊ မိန်းကလေး ညီတူညီမျှ အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူကြခြင်း။



မဟာဗျူဟာ (၂) ကျောင်းအရည်အသွေးအာမခံမှုစနစ်ဖြင့် ကျောင်းများ၏ အရည်အသွေးကို တိုးတက်စေခြင်း။

အစီအစဉ် – ကျောင်းအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်။



လုပ်ငန်းအစီအစဉ် (၁) မူကြိုကျောင်းများနှင့် အခြေခံပညာကျောင်းများ၏ ကျောင်းပတ်ဝန်းကျင်နှင့် သက်ဆိုင်သော အခြင်းအရာအားလုံးနှင့် စပ်လျဉ်းသည့် အနိမ့်ဆုံး အရည်အသွေး စံသတ်မှတ်ချက်များ ချမှတ်ထားသော ကျောင်းအရည်အသွေး စံသတ်မှတ်ချက် အာမခံမှုအညွှန်းဘောင် ရေးဆွဲခြင်း။

လုပ်ငန်းအစီအစဉ် (၂) ကျောင်းအရည်အသွေးစံသတ်မှတ်ချက် အာမခံမှုအညွှန်းဘောင်အရ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲဆောင်ရွက်ခြင်းနှင့် အဆိုပါစီမံချက်များကို ကျောင်းအရည်အသွေးထောက်ပံ့ကြေးများပေးခြင်းဖြင့် ချိတ်ဆက်ခြင်း။

လုပ်ငန်းအစီအစဉ် (၃) ကျောင်းနှင့်ဆိုင်သောကိစ္စရပ်များတွင် မိဘရပ်ရွာပါဝင်မှုတိုးမြှင့်ရန်၊ ဗဟိုချုပ်ကိုင်မှုလျော့ချသော ဆုံးဖြတ်ချက်ချမှတ်မှု အလေ့အထကျင့်သုံးရန်နှင့်သင်ကြားသင်ယူမှု တိုးတက်ကောင်းမွန်စေရန်တို့အတွက် ကျောင်းဦးဆောင်သူများ၏စွမ်းရည်ကို မြှင့်တင်ပေးရေး သင်တန်းများပေးခြင်း။



စီမံကိန်းအပြီးရလဒ်- အရည်အသွေး တိုးတက်လာသည့် စာသင်ခန်းများ၊ကျောင်းများတွင်ကျောင်းသားများသင်ယူခွင့်ရရှိခြင်း။

မဟာဗျူဟာ (၂) မသင်မနေရနှင့် လူတိုင်းအကျုံးဝင်ပညာရေးကို အားကောင်းစေရန်ပံ့ပိုးခြင်း။

အစီအစဉ်-မသင်မနေရနှင့်လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) ကျောင်းထွက်နှုန်းမြင့်မားသောကျောင်းများတွင် ကလေးများ ကျောင်းတက်ရောက်ရေး၊ ကျောင်းသို့ပြန်လည်ဝင်ရောက်လာရေးနှင့် ကျောင်းနေမြဲရေးတို့အတွက် နည်းလမ်းများနှင့် လုပ်ငန်းစဉ်များကို ဖော်ထုတ်သတ်မှတ်၍ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်းဖြင့် မသင်မနေရ မူလတန်းပညာရေးကို အားကောင်းစေခြင်း။

လုပ်ငန်းအစီအစဉ် (၂) ကုစားပညာရေး၊ ပညာသင်ထောက်ပံ့ကြေးပေးခြင်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းနှင့် ဆင်းရဲနွမ်းပါးသော မိသားစုများမှ ကလေးများအတွက် အခွင့်အလမ်းနှင့် ဆက်နွယ်သည့် ကုန်ကျစရိတ်(opportunity cost)ကို ဖြေရှင်းဆောင်ရွက်ခြင်းဖြင့် ကျောင်းထွက်နိုင်ခြေရှိသော ကလေးများအတွက် အခြေခံပညာကို သာတူညီမျှ အခွင့်အလမ်းရရှိရေး ပံ့ပိုးခြင်း။

လုပ်ငန်းအစီအစဉ် (၃) အထူးပညာရေး လိုအပ်ချက်များရှိသည့် ကလေးများအတွက် သင်ယူမှုအခွင့်အလမ်းပိုမိုရရှိစေရန် ဆောင်ရွက်ခြင်း။

စီမံကိန်းအပြီးရလဒ်- ကျောင်းသားများသည် အခြေခံပညာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပိုမိုပြီးမြောက်ခြင်း။

– ကျောင်းပြင်ပရောက်ကလေးများ ကျောင်းတွင်းသို့ ပိုမိုပြန်လည်ဝင်ရောက်လာပြီး ကျောင်းနေမြဲခြင်း။

၁၀.၄။ အခြေခံပညာသင်ရိုးညွှန်းတမ်း

အရည်အသွေးရှိသော အခြေခံပညာ သင်ရိုးညွှန်းတမ်းသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသောအခြေခံအုတ်မြစ်ဖြစ်ပြီး အရည်အသွေးရှိသည့်ပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်နိုင်ရေးနှင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု မြှင့်တင်ရေးတို့အတွက် မရှိမဖြစ်လိုအပ်သည်။

သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရာတွင် အဓိက စိန်ခေါ်မှုတစ်ရပ်မှာ ကျောင်းသားအားလုံး အခြေခံပညာရေး ပြီးဆုံးသည်အထိ ကျောင်းနေလိုစိတ်ကို လှုံ့ဆော်ပေးနိုင်ပြီး ကျောင်းသားများ၏ ဘဝနှင့်ဆက်စပ်ဆီလျော်သော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်ကို အောင်မြင်စွာ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန်ဖြစ်သည်။

သို့ဖြစ်၍ အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ၂၁ ရာစု ကျွမ်းကျင်မှုများ (21st Century Skills)၊ ပေါင်းသင်းဆက်ဆံရေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ တစ်ကိုယ်ရေဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ရရှိမှုဆိုင်ရာ ကျွမ်းကျင်မှုများ (Soft Skills) နှင့် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုဆိုင်ရာကျွမ်းကျင်မှုများ (Higher Order Thinking Skills) ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

အရေးတကြီးလိုအပ်လျက်ရှိသည်မှာ အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်သည် (က) စာသင်နှစ် တစ်နှစ်အတွင်းတွင် ဆရာများအနေဖြင့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာအားလုံးကို ခြုံငုံမိစေရန်နှင့် (ခ) ကျောင်းသားများအနေဖြင့်လည်း ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော မြန်မာနိုင်ငံ၏လူမှုရေးနှင့် စီးပွားရေးလိုအပ်ချက်များအရ သင့်လျော်ကိုက်ညီသည့် အတွေးအခေါ် အယူအဆသစ်များကို နားလည်သဘောပေါက်ပြီး အဆင့်မြင့်စဉ်းစားတွေးခေါ်မှုဆိုင်ရာကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန်တို့အတွက် လုံလောက်သော အချိန်ရရှိရန် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို လျှော့ချရမည်ဖြစ်ပါသည်။

အခြေခံပညာသင်ရိုးညွှန်းတမ်းဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲပေါက်မြောက် အောင်မြင်စေရန်



အပြန်အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ (၃)ရပ်နှင့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်–

မဟာဗျူဟာ (၁) အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းကို ၂၁ ရာစုဆိုင်ရာကျွမ်းကျင်မှုများ အလေးပေးပြီး ခေတ်နှင့်လျော်ညီအောင် ပြန်လည်မွမ်းမံခြင်း။

အစီအစဉ် – အခြေခံပညာ သင်ရိုးညွှန်းတမ်းပြန်လည်ပြင်ဆင်မွမ်းမံရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ် ပြင်ဆင်ရေးဆွဲရာတွင် သင်ယူမှု အသိသညာ၊ ပြဿနာဖြေရှင်းမှုဖြစ်စဉ်များနှင့် အခြေခံစည်းမျဉ်းစည်းကမ်းများကိုနားလည်၍ အသိပညာ ဗဟုသုတရရှိရုံသာမက ကြောင်းကျိုးဆက်စပ် စဉ်းစားတွေးခေါ်မှုကို အလေးပေးခြင်း။

လုပ်ငန်းအစီအစဉ် (၂) အတန်းတွင်းတက်ကြွသော သင်ကြားသင်ယူမှုဖြစ်စဉ်များ ဖြစ်လာစေရန် သင်ရိုးညွှန်းတမ်းဆိုင်ရာသင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများကို အပြီးသတ်ပြုစုရေးဆွဲခြင်း။

လုပ်ငန်းအစီအစဉ် (၃) နိုင်ငံသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်ရန် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲခြင်း။

စီမံကိန်းအပြီးရလဒ်– ကျောင်းသားများအနေဖြင့် ၂၁ ရာစု စွမ်းရည်များကို အလေးပေးထားသည့် အခြေခံပညာရေး သင်ရိုးညွှန်းတမ်းအပေါ် တန်ဖိုးထားပြီး လိုလားမှုရှိခြင်း။

– ဆရာနှင့်ကျောင်းသားများသည် ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်များအစရှိသည့် သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို စိတ်ပါဝင်စားစွာဖြင့် အောင်မြင်စွာ အသုံးပြုနိုင်ခြင်း။

မဟာဗျူဟာ (၂) သင်ရိုးညွှန်းတမ်းအသစ်ရေးဆွဲသူများ၏ အတတ်ပညာဆိုင်ရာစွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။

အစီအစဉ်– သင်ရိုးညွှန်းတမ်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) ဆရာများကို သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာသင်တန်းပို့ချခြင်း။

လုပ်ငန်းအစီအစဉ် (၂) သင်ရိုးညွှန်းတမ်းအသစ် ပြုစုရေးဆွဲရေးအဖွဲ့များအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း။

လုပ်ငန်းအစီအစဉ် (၃) သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့များ၏ ပံ့ပိုးမှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ဘာသာစကား သင်ရိုးညွှန်းတမ်းရေးဆွဲသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း။

စီမံကိန်းအပြီးရလဒ်– သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့များ (Curriculum Development Teams–CDTs) မှ တတ်ကျွမ်းမှုများ (အသိပညာ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများ)ကို အသုံးပြု၍ ၂၁ ရာစု ကျွမ်းကျင်မှုများ၊ ပေါင်းသင်းဆက်ဆံရေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ တစ်ကိုယ်ရေဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ရရှိမှုဆိုင်ရာ ကျွမ်းကျင်မှုများ၊ အဆင့်မြင့်စဉ်းစားတွေးခေါ်တတ်သည့် ကျွမ်းကျင်မှုများပါဝင်သော အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်နှင့် ဆက်စပ်သင်ရိုးညွှန်းတမ်းအထောက်အကူပြုပစ္စည်းများကိုရေးဆွဲခြင်း။

–အခြေခံပညာသင်ဆရာများမှ သင်ရိုးသစ် မိတ်ဆက်သင်တန်းများ တက်ရောက်ပြီးနောက် သင်ရိုးညွှန်းတမ်းအသစ်ကို သင်ကြားရန် အသင့်ဖြစ်ခြင်း။

မဟာဗျူဟာ (၃) သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲမှုစနစ်၊ သင်ရိုးညွှန်းတမ်းလေ့လာကြီးကြပ်အကဲဖြတ်ခြင်းစနစ်နှင့် သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာအသိပညာပေးခြင်းတို့ကို ထိရောက်စွာ အားဖြည့်ဆောင်ရွက်ခြင်းဖြင့် သင်ရိုးညွှန်းတမ်းအသစ်ကို အကောင်အထည်ဖော်ခြင်း။

အစီအစဉ် – သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲမှုစနစ်၊ သင်ရိုးညွှန်းတမ်းလေ့လာကြီးကြပ်အကဲဖြတ်ခြင်းစနစ်နှင့် သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ထိရောက်စွာ အားဖြည့်ဆောင်ရွက်ခြင်းဖြင့် သင်ရိုးညွှန်းတမ်းအသစ်ကို အကောင်အထည်ဖော်ရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) အရည်အသွေးပိုမိုကောင်းမွန်သည့် သင်ရိုးညွှန်းတမ်းဆိုင်ရာပစ္စည်းများဖြစ်သော ကျောင်းသုံးစာအုပ်၊ ဆရာလမ်းညွှန်နှင့် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို ကျောင်းအားလုံးသို့ အချိန်မီပုံနှိပ်ထုတ်ဝေဖြန့်ဖြူးနိုင်သည့် စွမ်းဆောင်ရည် အပါအဝင် သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲမှုစနစ်ကို အားဖြည့်ပေးခြင်း။

လုပ်ငန်းအစီအစဉ် (၂) သင်ရိုးညွှန်းတမ်းအသစ်တွင်အသုံးပြုမည့် သင်ကြားနည်းသစ်များ၊ ကျောင်းသုံးစာအုပ်များ၊ ဆရာလမ်းညွှန်များ၊ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများနှင့် စပ်လျဉ်း၍ မိဘပြည်သူများနှင့် ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူများအား မီဒီယာအမျိုးမျိုးမှတစ်ဆင့် သင်ရိုးညွှန်းတမ်းအသစ်ဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

လုပ်ငန်းအစီအစဉ် (၃) သင်ရိုးညွှန်းတမ်း လေ့လာကြီးကြပ်အကဲဖြတ်ခြင်းစနစ်ကို အားဖြည့်ပေးခြင်း။

စီမံကိန်းအပြီးရလဒ်– သင်ရိုးညွှန်းတမ်းဌာနခွဲမှ တာဝန်ရှိပုဂ္ဂိုလ်များသည် သင်ရိုးအကောင်အထည်ဖော်မှုကို အဆက်မပြတ်စောင့်ကြည့်ကြီးကြပ်ခြင်းဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်းကို အောင်မြင်စွာ အကောင်အထည်ဖော်ခြင်းနှင့် လတ်တလောတွေ့ရှိရသည့် စိန်ခေါ်မှုများကို ချက်ချင်းဖြေရှင်းခြင်းနှင့် ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်များ အချိန်မီဖြန့်ဝေနိုင်မှုကို အဆက်မပြတ် စောင့်ကြည့်ကြီးကြပ်ခြင်းတို့ အကျုံးဝင်သော အခြေခံပညာသင်ရိုးညွှန်းတမ်းကို အောင်မြင်စွာ စီမံခန့်ခွဲနိုင်ခြင်း။

– အခြေခံပညာဆရာများသည် သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများ (ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်များ)ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချခြင်းဖြင့် သင်ရိုးညွှန်းတမ်းအသစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ခြင်း။

– အခြေခံပညာသင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်ပြင်ဆင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသားများ၏တတ်မြောက်မှုတိုးတက်လာခြင်း။

– မိဘပြည်သူများအနေဖြင့် သင်ရိုးညွှန်းတမ်းအသစ်နှင့်စပ်လျဉ်း၍ နားလည်လက်ခံပြီး ကူညီပံ့ပိုးပေးခြင်း။



၁၀.၅။ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်း၏အဓိကလုပ်ငန်းတစ်ရပ်မှာ အကြောင်းအရာအချက် အလက်များကို အလွတ်ကျက်မှတ်ဖြေဆိုရသော စာမေးပွဲ စနစ်မှ ဘဝတစ်သက်တာသင်ယူနိုင်မှုအတွက် လိုအပ်သော ကျွမ်းကျင်မှု၊ ကျောင်းသားများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်က ချမှတ်ထားသော သင်ယူမှုဆိုင်ရာစံများစသည့် လေ့လာသင်ယူတိုးတက်မှုအဆင့်ဆင့်ကို စစ်ဆေးအကဲဖြတ် သော ပိုမိုဟန်ချက်ညီမျှသည့် စာမေးပွဲစနစ်သို့ ပြုပြင် ပြောင်းလဲရန် ဖြစ်သည်။

ဤပြုပြင်ပြောင်းလဲမှုလုပ်ငန်းသည် နိုင်ငံတကာ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ သုတေသနတွေ့ရှိ ချက်များနှင့် ကိုက်ညီဆီလျော်မှုရှိပါသည်။ ဤလုပ်ငန်းစဉ် တွင် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှု၊ ပြဿနာ ဖြေရှင်းတတ်မှုနှင့် ကိုယ်တိုင်လေ့လာသင်ယူတတ်မှုစသည့် အဆင့်မြင့်ကျွမ်းကျင်မှုများကိုစစ်ဆေးအကဲဖြတ်ခြင်းတို့ပါဝင် ပါသည်။ ဤကျွမ်းကျင်မှုများသည် ကျောင်းသားများ၏ ကိုယ်ရည်ကိုယ်သွေးတိုးတက်မှုနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမှန်တကယ်လိုအပ်သော ကျွမ်းကျင်မှုများဖြစ်သည့်အပြင် အရည်အသွေးမြင့်သော ကျွမ်းကျင်လုပ်သားအင်အားစု ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် လည်း အထောက်အကူပြုပါသည်။ ထိရောက်ကောင်းမွန် သော ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းစနစ်သည် အကူအညီ လိုအပ်နေသော ကျောင်းသားများနှင့် အထောက်အပံ့ လိုအပ်နေသော နယ်ပယ်များကိုသိရှိစေပြီး ကူညီထောက်ပံ့ မှုများကို ပြုလုပ်နိုင်သည့်အတွက် သာတူညီမျှပညာရေးစနစ် ဖြစ်ထွန်းရေးကိုလည်း အထောက်အကူပြုနိုင်ပါသည်။

ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပ ခြင်းဆိုင်ရာ မဟာဗျူဟာမြောက်အပြောင်းအလဲပေါက်မြောက် အောင်မြင်စေရန် အပြန်အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ(၂)ရပ်နှင့် အစီအစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်ပါမည်–



မဟာဗျူဟာ (၁) ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများ တိုးတက်ကောင်းမွန်အောင်ပြုပြင်ပြောင်းလဲခြင်း။

အစီအစဉ် – အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒဆိုင်ရာအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) အတန်းတွင်းစစ်ဆေးခြင်း၊ ကျောင်းအဆင့်စစ်ဆေးခြင်းစသည့် အခြေခံပညာစစ်ဆေးအကဲဖြတ်ခြင်းများကို လွှမ်းခြုံမှုရှိသော အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ မူဝါဒရေးဆွဲခြင်း။

လုပ်ငန်းအစီအစဉ် (၂) ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို သင်ယူစဉ်စစ်ဆေးခြင်းနှင့် သင်ယူအပြီး စစ်ဆေးခြင်းများဖြင့် သင်ယူတတ်မြောက်မှုကို တိုးတက်စေမည့် အတန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်း။

လုပ်ငန်းအစီအစဉ် (၃) ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုအရ အတန်းတင်ပေးနိုင်ရန် ကျောင်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်း။

လုပ်ငန်းအစီအစဉ် (၄) အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပြီးမြောက်မှု စာမေးပွဲများ ကျင်းပခြင်းကို ခိုင်လုံကိုးစားမှုရှိသော စာမေးပွဲမေးခွန်းများဖြင့် ကျောင်းသားများ၏ တတ်မြောက်မှုအရည်အချင်းကို စစ်ဆေးအကဲဖြတ်ခြင်း။

လုပ်ငန်းအစီအစဉ် (၅) သတ်မှတ်ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများကို ကျောင်းသားများ ပေါက်မြောက်အောင်မြင်စွာ သင်ယူနိုင်မှုအတိုင်းအတာကို သိရှိရန် သုတေသနပြုစစ်ဆေးသော နမူနာ အခြေပြုနိုင်ငံတော်အဆင့် စစ်ဆေးအကဲဖြတ်ခြင်း။

စီမံကိန်းအပြီးရလဒ်– ဆရာများနှင့် ပညာရေးစီမံခန့်ခွဲသူများသည် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း ဆိုင်ရာ အသိပညာနှင့်ကျွမ်းကျင်မှုများရရှိပြီး အမျိုးသား ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒနှင့် လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း။

မဟာဗျူဟာ (၂) ပူးပေါင်းဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်လမ်းညွှန်မှုကို အားကောင်းစေခြင်း။

အစီအစဉ် - ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်လမ်းညွှန်မှုတို့ကို အားကောင်းစေရေး အစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) အခြေခံပညာကဏ္ဍ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုအောင်မြင်ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနကို လိုအပ်သောပညာရှင်များနှင့် ရင်းမြစ်များဖြင့် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခြင်း။

လုပ်ငန်းအစီအစဉ် (၂) အရည်အသွေးရှိသော ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပညာရေးဝန်ကြီးဌာန အောက်ရှိဦးစီးဌာနများမှဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ကျောင်းသားမိဘများကို အသိပညာပေးခြင်း။

လုပ်ငန်းအစီအစဉ် (၃) စာမေးပွဲဆိုင်ရာ သတင်းအချက်အလက်များကို ပိုမိုတိကျမှန်ကန် မြန်ဆန်စွာ ဆောင်ရွက်နိုင်စေရန် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ အိုင်စီတီနည်းပညာနှင့် ဆက်စပ်ပစ္စည်းများ ဖြည့်ဆည်းခြင်း။

လုပ်ငန်းအစီအစဉ် (၄) အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ပြီးမြောက်မှု စာမေးပွဲများနှင့် နမူနာအခြေပြုနိုင်ငံတော်အဆင့် စာမေးပွဲများကို ကြီးကြပ်လမ်းညွှန်သည့်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း။

စီမံကိန်းအပြီးရလဒ်-ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြမည့် ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ ပူးပေါင်းဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်လမ်းညွှန်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာခြင်း။

၁၀.၆။ ဆရာအတတ်ပညာရေးနှင့်စီမံခန့်ခွဲမှု

သင်ကြားမှုအရည်အသွေး တိုးတက်ကောင်းမွန်စေခြင်းသည် ကျောင်းသားများ၏ နိုင်ငံတော်အဆင့် သင်ယူမှုစံသတ်မှတ်ချက်များ ပေါက်မြောက်အောင်မြင်စေရန်အတွက် အလွန်အရေးပါပါသည်။ သို့ဖြစ်ရာ ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများတွင် ပေါင်းစည်းဆောင်ရွက်သော နည်းလမ်းကို ကျင့်သုံးဆောင်ရွက်ရန် လိုအပ်လာပါသည်။ ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီးရှိ စွမ်းဆောင်ရည်မြင့်မားသော ပညာရေးစနစ်အားလုံးကို လေ့လာမည်ဆိုပါက ပညာရေးရလဒ်များ တိုးတက်ကောင်းမွန်စေရေးအတွက် ကြိုးပမ်းရာတွင် ဆရာများ၏ အခန်းကဏ္ဍသည် ပင်မအချက်အချာဖြစ်နေကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတကာသုတေသနများက ကျောင်းသားများ၏ သင်ယူမှုရလဒ်အပေါ်တွင် ဆရာ၏သင်ကြားပြသနည်းသည် အဓိကအကျဆုံးဖြစ်ကြောင်း ဖော်ပြထားပါသည်။ အမျိုးသားပညာရေးဥပဒေ (၂၀၁၄) နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅) တွင် ဘက်စုံလွှမ်းခြုံသော ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာပြုပြင်ပြောင်းလဲမှုများအတွက် ရှင်းလင်းသော ဥပဒေမူဘောင်တစ်ရပ်ကို ချမှတ်ထားပါသည်။

လွန်ခဲ့သောနှစ်များတွင် ဆရာများနေရာချထားခြင်းနှင့် ရာထူးတိုးမြှင့်ပေးခြင်းတို့ကို ဆရာ၏ စွမ်းဆောင်ရည်နှင့် ချိတ်ဆက်စဉ်းစားခြင်းမပြုဘဲ လုပ်သက်အပေါ်တွင်သာ အခြေခံစဉ်းစားပါသည်။ ဆရာများသည် အခြေခံပညာရေးစနစ်အတွင်းတွင် မူလတန်းပြရာထူးမှ အဆင့်ဆင့်ရာထူးတိုးမြှင့်ခြင်း ခံရပါသည်။ သို့ဖြစ်ပါ၍ အရည်အသွေးရှိ ဆရာများ အလိုအပ်ဆုံးဖြစ်သည့် မူလတန်းကျောင်းများမှ ဆရာများသည် ပညာရေးအဆင့် အသီးသီးသို့ တစ်ဆင့်မြှင့်ကူးပြောင်းလုပ်ကိုင်မှုများ ဖြစ်ပေါ်လာပါသည်။ မကြာမြင့်သေးသည့် နှစ်များက အဝေးဆုံးဒေသများရှိ မူလတန်းကျောင်းများသို့ ဆရာအတတ်ပညာသင်တန်း တက်ရောက်ရခြင်း မရှိသေးသည့် နေ့စားလပေး ဆရာများကို ခန့်ထားစေလွှတ်ခြင်းသည် ထိုဒေသများတွင် အတွေ့အကြုံနည်းသော ဆရာများသာ ရှိနေသကဲ့သို့ ဖြစ်နေပါသည်။ အခြေခံပညာရေးတွင် သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ်စုစုပေါင်းကာလ (၁၂)နှစ်သို့ တိုးမြှင့်မည်ဖြစ်သောကြောင့် လိုအပ်သော ဆရာများခန့်ထားရေးအတွက် အထောက်အထား အခြေပြု ဆရာစီမံခန့်ခွဲမှု၊ စီမံကိန်းရေးဆွဲမှုနှင့် ဆရာနေရာချထားမှုစနစ်ကို အသုံးပြုရမည်ဖြစ်ပါသည်။

သင်ရိုးညွှန်းတမ်းအသစ်ပေါ်ထွက်လာသည့်အခါ ပြဋ္ဌာန်းစာအုပ်အသစ်များကို မိတ်ဆက်ခြင်း နှင့်အတူ သင်ကြားနည်းပြောင်းလဲခြင်းများနှင့် သင်ကြားသင်ယူမှုပစ္စည်းများ အသုံးပြုသင်ကြားတတ်စေရန်အတွက် တစ်နိုင်ငံလုံးရှိ ဆရာများအား အရည်အသွေးရှိပြီး ကုန်ကျစရိတ်နှင့် ထိရောက်သော လုပ်ငန်းခွင်သင်တန်းများ ပို့ချလေ့ကျင့်ပေးနိုင်ရန် လိုအပ်ပါသည်။

ထို့ပြင် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာရေး နယ်ပယ်တွင် သဘောတရားနှင့်လက်တွေ့ကို ပေါင်းစပ်သင်ကြားတတ်ရန်နှင့် ပြန်လည်သုံးသပ်သည့် အလေ့အကျင့်ရရှိရန် အပြန်အလှန်ဖြည့်ဆည်းမှုရှိသော ပြုပြင်ပြောင်းလဲမှုများ လိုအပ်ပါသည်။

ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာမဟာဗျူဟာမြောက်အပြောင်းအလဲ ပေါက်မြောက်အောင်မြင်စေရန် အပြန်အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ (၃)ရပ်နှင့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်–

မဟာဗျူဟာ (၁) ဆရာအရည်အသွေးအာမခံမှုနှင့် စီမံခန့်ခွဲမှု ပိုမိုကောင်းမွန် တိုးတက်စေခြင်း။

အစီအစဉ်-ဆရာအရည်အသွေးအာမခံမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာအစီအစဉ်။

လုပ်ငန်းအစီအစဉ်(၁)အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းတွင် ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရန် အတွက်ဆရာကိုယ်စားလှယ်များအနေဖြင့် အကြံပြုနိုင်၊ ပံ့ပိုးမှုပြုလုပ်နိုင်ရန် ဆရာအတတ်ပညာရေးကောင်စီဖွဲ့စည်းခြင်း။

လုပ်ငန်းအစီအစဉ် (၂) အရည်အသွေးရှိသော သင်ကြားရေးနှင့် ကျောင်းသားများ၏ သင်ယူမှုတွင် တိုင်းတာ၍ရနိုင်သော တိုးတက်မှုများကို ဆရာများ တာဝန်ယူနိုင်ရေးနှင့်စပ်လျဉ်းသည့် ဆရာအရည်အသွေး အာမခံမှုအတွက် စနစ်တစ်ရပ်ထူထောင်ခြင်း။

လုပ်ငန်းအစီအစဉ် (၃) စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်ရန်နှင့် သင့်လျော်သည့် ဆရာ၊ ကျောင်းသားအချိုးရရှိရန် ဆရာဖြည့်ဆည်းခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းနှင့် နေရာချထားခြင်းဆိုင်ရာ သာတူညီမျှ ဆောင်ရွက်သောစနစ်တစ်ရပ်ရေးဆွဲအကောင်အထည်ဖော်ခြင်း။

စီမံကိန်းအပြီးရလဒ် - ဆရာများသည် ဆရာအတတ်ပညာသင်တန်းများ တက်ရောက်ပြီးနောက် ဆရာတတ်ကျွမ်းမှုအညွှန်းဘောင်ပါ ကျွမ်းကျင်မှုအဆင့်များ ရရှိခြင်း။

– ဆရာခန့်ထားရေး၊ နေရာချထားရေး၊ ရာထူးတိုးမူဝါဒနှင့်စနစ်တို့ကို ချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် ဆရာများတွင် သာတူညီမျှအခွင့်အလမ်းများရရှိခြင်း။

– ဆရာအတတ်ပညာသင်ဌာနများတွင် ပြုပြင်ရေးဆွဲပြီးသော သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားခြင်း။

– အထူးပြုဘွဲ့အပ်နှင်းနိုင်သော သင်တန်းများဖွင့်လှစ်သင်ကြားခြင်း။

မဟာဗျူဟာ (၂) လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေးအရည်အသွေးတိုးမြှင့်ခြင်း။

အစီအစဉ် - လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေးအရည်အသွေးမြှင့်တင်ရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း အခြေခံပညာပြုပြင်ပြောင်းလဲမှုနှင့်အညီ ဆရာအတတ်ပညာသင်ရိုးညွှန်းတမ်းနှင့် သင်တန်းပုံစံများကို ကာလတိုအတွက် ပြန်လည်ပြင်ဆင်ခြင်း။

လုပ်ငန်းအစီအစဉ် (၂) ပညာရေးကောလိပ်များရှိ (၂) နှစ်သင်တန်းအစီအစဉ်များကို အထူးပြုဘွဲ့အစီအစဉ်များအဖြစ်သို့ အဆင့်မြှင့်တင်ခြင်း။

လုပ်ငန်းအစီအစဉ် (၃) ဆရာအတတ်ပညာသင်သင်တန်းသားများ၏ သင်ကြားမှုအလေ့အကျင့်ကို တိုးတက်စေသော သင်ယူလေ့လာမှုများကိုအသုံးချနိုင်သည့် အခွင့်အလမ်းနှင့် လက်တွေ့သင်ကြားမှု ပြုလုပ်သည့်အခါလိုအပ်သောသုံးသပ်အကဲဖြတ်ချက်များရရှိနိုင်ရန်အတွက် မိတ်ဖက်ကျောင်းများ သတ်မှတ်ခြင်းနှင့် လက်တွေ့တန်းပြဆင်းခြင်းအစီအစဉ်ကို ပြုပြင်ပြောင်းလဲခြင်း။

လုပ်ငန်းအစီအစဉ် (၄) ဆရာအတတ်ပညာသင်ဌာနများ၏ စီမံခန့်ခွဲမှုနှင့်အုပ်ချုပ်မှုကိုအားကောင်းစေခြင်း။

စီမံကိန်းအပြီးရလဒ်- ဆရာအတတ်ပညာလက်မှတ်နှင့် ပညာရေးဘွဲ့ရရှိပြီးသူ ဆရာများသည် ဆရာနှင့်ကျောင်းသား အပြန်အလှန် ပြောဆိုသင်ကြားသောနည်းဖြင့် အခြေခံပညာကျောင်းများတွင် သင်ကြားပေးခြင်းနှင့် ဆရာတတ်ကျွမ်းမှုအညွှန်းဘောင်ပါ စံသတ်မှတ်ချက်များကို ပြည့်မီခြင်း။

မဟာဗျူဟာ (၃) လုပ်ငန်းခွင်ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှု အရည်အသွေးတိုးမြှင့်ခြင်း။

အစီအစဉ် – ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်နှင့် လိုအပ်သောစွမ်းရည်များကိုရရှေ့ည်ပေးနိုင်ရန် အမျိုးသားဆရာအတတ်ပညာဖွံ့ဖြိုးမှုဗဟိုဌာန (National Centre for Teacher Professional Development–NCTPD) ဖွဲ့စည်းခြင်း။

လုပ်ငန်းအစီအစဉ် (၂) မြို့နယ်တစ်ခုစီရှိ သတ်မှတ်ထားသော ကျောင်းအုပ်စုမှ ဆရာများကို ရေရှည်လုပ်ငန်းခွင်ဆရာအတတ်ပညာသင်တန်းနှင့် ကြီးကြပ်လမ်းညွှန်ပံ့ပိုးနိုင်ရန်အတွက် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ရေးဆွဲခြင်း။

လုပ်ငန်းအစီအစဉ် (၃) နိုင်ငံတစ်ဝန်းတွင် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်အတွက် ကာလတို လုပ်ငန်းခွင်သင်တန်းပေးခြင်း။

စီမံကိန်းအပြီးရလဒ်– လုပ်ငန်းခွင်အတွင်းရှိ ဆရာများသည် ကူညီလမ်းညွှန်သင်တန်းပေးသူများ၏ သင်ကြားလမ်းညွှန်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် တက်ကြွစွာပါဝင်၍ ဆရာနှင့် ကျောင်းသား အပြန်အလှန်ပြောဆို သင်ကြားသောနည်းဖြင့် အခြေခံပညာကျောင်းများတွင် သင်ကြားပေးနိုင်မည့်အပြင် ဆရာတတ်ကျွမ်းမှု အညွှန်းဘောင်ပါ စံသတ်မှတ်ချက်များကို ပြည့်မီခြင်း။

၁၀.၇။ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး

ကျောင်းထွက်သွားသောသူများတွင် ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခုအတွက် အထုံပါရမီ၊ စွမ်းရည်နှင့် ရည်မှန်းချက်များရှိကြသည်ဖြစ်ရာ လက်တွေ့ဘဝနှင့်ယှဉ်လျက် စီစဉ်ရေးဆွဲထားသော ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး လမ်းကြောင်းများဖြင့် လူငယ်များသည် အခြေခံပညာအထက်တန်း၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး၊ အဆင့်မြင့်ပညာများကို လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် အထိသင်ယူခွင့်ရရှိလျှင် များစွာအကျိုးကျေးဇူးရရှိမည်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံများတွင် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးသည် စွမ်းဆောင်ရည်မြင့်မားသော ပညာရေးစနစ်တစ်ရပ်လုံး၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ကျောင်းပညာရေးစနစ်နှင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးစနစ်ကွာခြားသည်မှာ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးစနစ်သည် အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်ကျောင်းပညာရေး သင်ယူခွင့်ရရှိရန် အခက်အခဲရှိသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အတွက် အခြေအနေနှင့် လျော်ညီစွာလိုက်လျောဆောင်ရွက်ပေးနိုင်မှုပင် ဖြစ်သည်။ သို့ရာတွင် ကျောင်းပညာရေးစနစ်နှင့် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေး စနစ်တို့အကြားတွင် အဓိကတူညီသောအချက်ရှိပါသည်။ ၎င်းမှာ စနစ်နှစ်ခုအကြား သင်ယူမှုများကို လွယ်ကူစွာကူးပြောင်းနိုင်စေရန်မရှိမဖြစ်လို အပ်သော အရည်အသွေးစံနှုန်းများ တူညီမှုရှိခြင်းပင်ဖြစ်သည်။

လက်ရှိမြန်မာ့ပညာရေးစနစ်သည် သင်ယူသူ အားလုံး၏ လိုအပ်ချက်နှင့် ကိုက်ညီမှုအားနည်းနေပါသည်။ ခန့်မှန်းခြေ (အသက် ၅ နှစ်မှ ၁၆ နှစ်အတွင်း) ကလေးပေါင်း (၂.၇)သန်းခန့်သည် ကျောင်းဝင်ရောက်မှုမရှိသူများနှင့် ကျောင်းထွက်သွားသောကလေးများ ဖြစ်ကြပါသည်။ ထို့ပြင် (၁၅)နှစ်အထက် သက်ကြီး (၃.၅) သန်းခန့်သည် စာမတတ်သူများ ဖြစ်ကြပါသည်။

ကျောင်းပြင်ပရောက်လူငယ်များသည် နိုင်ငံ၏ထုတ်လုပ်မှုနှင့် ယှဉ်ပြိုင်မှုတို့ကို ကြီးမားစွာအကျိုးပြုနိုင်ပြီး နိုင်ငံအတွင်း လိုအပ်နေသော ကျွမ်းကျင်မှုများကို ကူညီဖြည့်ဆည်းပေးနိုင်သည့် အလားအလာရှိသော စွမ်းအားစုလည်းဖြစ်ပါသည်။ အဆိုပါလူငယ်များကို သင်ယူမှုနှင့် အလုပ်အကိုင်မျှော်မှန်းချက်ကို ပေါက်မြောက်အောင်မြင်စေရန် နောက်ထပ်အခွင့်အရေးတစ်ခုအဖြစ် ဖန်တီးပေးရပါမည်။ သို့ဖြစ်ရာ ပညာရေးဝန်ကြီးဌာနသည် ကျောင်းပြင်ပရောက် လူငယ်များအား တတ်ကျွမ်းမှုနှင့် ယုံကြည်စိတ်ချမှုကို ပေးစွမ်းနိုင်မည့် လက်လှမ်းမီနိုင်သောရွေးချယ်မှု ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးလမ်းကြောင်းများကို ဖန်တီးပေးရပါမည်။ သို့မှသာ ပိုမိုကောင်းမွန်သောလုပ်အားခနှင့် တစ်သက်တာ သင်ယူမှုအခွင့်အလမ်းများကို တံခါးဖွင့်ပေးရာလည်းရောက်ပါမည်။

ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်မှု အခွင့်အလမ်းများနှင့် လုပ်ငန်းခွင်သို့ သွားနိုင်မည့် လမ်းသွယ်များပြပုံကို ပုံ(၁၀.၂) တွင် ဖော်ပြ ထားပါသည်။

ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲပေါက်မြောက်အောင်မြင်စေရန် အပြန်အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ (၃)ရပ်နှင့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်–

မဟာဗျူဟာ (၁) ပူးပေါင်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှု လုပ်ငန်းများကို မြှင့်တင်ခြင်း။

အစီအစဉ် – ပူးပေါင်းဆောင်ရွက်ရေးနှင့် စီမံခန့်ခွဲရေး အစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) အစိုးရနှင့် အစိုးရမဟုတ်သော ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဆောင်ရွက်သူများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍများထိရောက်၍ အကျိုးသက်ရောက်မှုဖြစ်စေသော ပူးပေါင်းဆောင်ရွက်မှုတို့ကို ပံ့ပိုးကူညီရန်အတွက် အမျိုးသားအဆင့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဖွဲ့စည်းခြင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးမူဝါဒရေးဆွဲခြင်းနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး ဦးစီးဌာန၏စွမ်းဆောင်နိုင်ရည် မြှင့်တင်ခြင်း။

လုပ်ငန်းအစီအစဉ် (၂) ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများကို သာတူညီမျှမှုရှိအောင်လုပ်ဆောင်နိုင်စေရန် အမျိုးသားအဆင့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဆိုင်ရာ အခြေခံအချက်အလက်နှင့် အချက်အလက်များကို စုဆောင်းထားသော စနစ်တစ်ခု ထူထောင်ခြင်း။

စီမံကိန်းအပြီးရလဒ်– ပညာရေးဝန်ကြီးဌာနနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ကျောင်းပြင်ပရောက် သင်ယူသူများအတွက် အရည်အသွေးရှိသော ကျောင်းပြင်ပ မူလတန်းနှင့် အလယ်တန်းပညာရေး တန်းညီအစီအစဉ်များနှင့် တခြား ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး အစီအစဉ်များကို ဆောင်ရွက်နိုင်ခြင်း။

မဟာဗျူဟာ (၂) ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးလုပ်ငန်းများ၏ အရည်အသွေးကို အားကောင်းအောင်မြှင့်တင်ခြင်း။

အစီအစဉ် – အရည်အသွေးရှိသော ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်စီမံခန့်ခွဲသူများအနေဖြင့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးလုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ မှန်ကန်တိကျယုံကြည်ကိုးစားနိုင်သော အချက်အလက်များကိုအသုံးပြုနိုင်စေရန် နိုင်ငံတော်အဆင့် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးအရည်အသွေးစံအကဲဖြတ်မှုအညွှန်းဘောင် ရေးဆွဲပြုစုခြင်း။

လုပ်ငန်းအစီအစဉ် (၂) ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးစနစ်တွင် တခြားသင်ယူမှု လမ်းကြောင်းများသင်ယူခွင့်ကို ကျောင်းသားများအားရရှိစေရန်အမျိုးသားအဆင့် အောင်လက်မှတ်စနစ်ကို ရေးဆွဲပြုစုခြင်း။

လုပ်ငန်းအစီအစဉ် (၃) ဆရာအတတ်ပညာတတ်ကျွမ်းမှုများနှင့် ဆရာအတတ်ပညာသင်တန်း အစီအစဉ်ကို ရေးဆွဲပြုစုခြင်း။

စီမံကိန်းအပြီးရလဒ်– ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဝန်ဆောင်မှုပေးသူများသည် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေး အကောင်အထည်ဖော်မှုကို တိုးတက်ကောင်းမွန်စေရန်နှင့် အနိမ့်ဆုံးအမျိုးသားအရည်အသွေးစံသတ်မှတ်ချက်ကို ပြည့်မီလာစေရန်အတွက် နှစ်စဉ်အရည်အသွေးစံ အကဲဖြတ်မှုမှ တွေ့ရှိချက်များကို အသုံးပြုနိုင်ခြင်း။

မဟာဗျူဟာ (၂) ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးလုပ်ငန်းများ၏ အရည်အသွေးကို အားကောင်းအောင်မြှင့်တင်ခြင်း။

အစီအစဉ်–ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဆိုင်ရာ နည်းလမ်းပေါင်းစုံဖြင့် သင်ယူခွင့်အစီအစဉ်။


လုပ်ငန်းအစီအစဉ် (၁) မူလတန်းကျောင်းထွက်မှုအများဆုံးရှိသည့် အခွင့်အလမ်းနည်းပါးသော ဒေသများတွင် ကျောင်းပြင်ပမူလတန်းပညာရေးတန်းညီအစီအစဉ်နှင့် အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းအကျိုးပြုစာတတ်မြောက်ရေးလုပ်ငန်းများ တိုးချဲ့ခြင်း။


လုပ်ငန်းအစီအစဉ် (၂) ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

လုပ်ငန်းအစီအစဉ် (၃) ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး လမ်းကြောင်းဖြင့် ကျောင်းပြင်ပရောက်လူငယ်များအား နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး၊ အဆင့်မြင့်ပညာရေးကို ဆက်လက်သင်ယူလိုသူများနှင့် လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အမျိုးသားအဆင့် လူငယ်ပညာရေးအောင်လက်မှတ်အစီအစဉ် ဆောင်ရွက်ခြင်း။

စီမံကိန်းအပြီးရလဒ်– ကျောင်းပြင်ပမူလတန်း၊ အလယ်တန်းပညာရေး တန်းညီအစီအစဉ်၊ အစိုးရခွင့်ပြုသော တခြား ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး အစီအစဉ်များတွင် တက်ရောက်သော ကျောင်းသားများအောင်မြင်ပြီး စဉ်ဆက်မပြတ် လေ့လာ သင်ယူခြင်းကို စွမ်းဆောင်နိုင်ရန် ၎င်းတို့၏အောင်မြင်မှုကို အသိအမှတ်ပြုသည့် အစိုးရအသိအမှတ်ပြု အောင်လက်မှတ်များကိုရရှိထားခြင်း။

ပုံ (၁၀.၂) ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး လမ်းသွယ်များပြပုံ




TVET (ကျောင်းပညာရေး၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး)
N
အမျိုးသားအဆင့် လူငယ်ပညာရေး အောင်လက်မှတ်
အမျိုးသားအဆင့် လူငယ်ပညာရေး အောင်လက်မှတ် ရှိးမြှင့်ရေး သင်တန်းအစီအစဉ်
ER
ဝင်ခွင့်လိုအပ်ချက်များ ပြည့်မီခြင်း
အလုပ်အကိုင်
EE
ဝင်ခွင့်စာမေးပွဲ အောင်မြင်ခြင်း
C
သင်ယူခြင်းပြီးမြောက်မှု အောင်လက်မှတ် ရယူခြင်း (အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်)
အထက်တန်းကျောင်း ပညာရေး (၃ နှစ်)
အဆင့်မြင့်ပညာရေး

၁၀.၈။ နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၏ အဓိကရည်ရွယ်ချက်မှာ သင်ယူသူတို့အား အလုပ်အကိုင်ရရှိရန်နှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် အသိပညာရပ်များ၊ ကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများကို သင်ကြားပေးခြင်းဖြစ်ပါသည်။ အရည်အသွေးမြင့်မားသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသည် လုပ်ငန်းကျွမ်းကျင်ပြီး အရည်အသွေးရှိသောလုပ်သားများကို မွေးထုတ်ပေးနိုင်၍ နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပါသည်။

မြန်မာနိုင်ငံ၏ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးစနစ်သည် စီးပွားရေးကဏ္ဍအသီးသီးရှိ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အရည်အသွေးမြင့်မားသော လုပ်သားအင်အားစုကို မွေးထုတ်နိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများသည်လည်း အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာ၏ ကျွမ်းကျင်မှုစံများနှင့် ရင်ပေါင်တန်းနိုင်ရန် လိုအပ်ပါသည်။ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှု အားနည်းနေသော ကဏ္ဍများတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လိုသူများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေနေသူများအတွက်လည်း သင့်လျော်ဆီလျော်မှုရှိသော လိုအပ်ချက်အခြေပြု နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းများဖွင့်လှစ်သွားရန် လိုအပ်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်တွင် နိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍတို့တွင် ကျွမ်းကျင်လုပ်သားများစွာ လိုအပ်လျက်ရှိခဲ့ပါသည်။

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာသင်တန်းများတက်ရောက်နိုင်မှုအခွင့်အလမ်းများနှင့်လုပ်ငန်းခွင်သို့သွားနိုင်မည့်လမ်းသွယ်များပြုပုံကို ပုံ (၁၀.၃)တွင် ဖော်ပြထားပါသည်။

နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲ ပေါက်မြောက်အောင်မြင်စေရန် အပြန်အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ (၃) ရပ်နှင့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်–

မဟာဗျူဟာ (၁) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသို့ တက်ရောက်လိုသူများ (မသန်စွမ်းသူများ၊ အခွင့်အလမ်းနည်းပါးသောသူများစသည်တို့အပါအဝင်) သင်ယူနိုင်သော အခွင့်အလမ်းများ တိုးချဲ့ဆောင်ရွက်ခြင်း။

အစီအစဉ် – တစုတစည်းတည်းဖြစ်သည့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အစီအစဉ်ကို ဖော်ဆောင်ပေးမည့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းများသို့ ပိုမိုတက်ရောက်နိုင်မှုအခွင့်အလမ်းများ ဖန်တီးပေးရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၏ လမ်းသွယ်များပြုပုံတွင် ဖော်ပြထားသော အခွင့်အလမ်းပိုင်းဆိုင်ရာ လမ်းကြောင်းများကို စုစည်းထားသောစနစ်တစ်ခုဖော်ဆောင်ခြင်း။

လုပ်ငန်းအစီအစဉ် (၂) လက်ရှိသင်ကြားလျက်ရှိသော ကာလရှည်သင်တန်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။

လုပ်ငန်းအစီအစဉ် (၃) ကျောင်းပြင်ပရောက်ရှိနေသောသူများသာမက လုပ်ငန်းခွင်ရောက် ကျွမ်းကျင်မှုမရှိသောသူများနှင့် ကျွမ်းကျင်မှုလိုအပ်သော သူများအတွက် ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်းများ ဖွင့်လှစ်ခြင်း။

လုပ်ငန်းအစီအစဉ် (၄) မြန်မာနိုင်ငံ၏ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးအတွက် စံနမူနာဖြစ်စေရန်နှင့် လိုအပ်သော သုတေသနလုပ်ငန်းများ၊ တီထွင်ဆန်းသစ်မှုများပါ လုပ်ဆောင်ရန်အတွက် Centre of Excellence (COE) သင်တန်းဌာန နှစ်ခုကို ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဖွင့်လှစ်ခြင်း။

လုပ်ငန်းအစီအစဉ် (၅) အခွင့်အလမ်းနည်းပါးသော သူများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ဆု ပိုမိုပေးခြင်း။

စီမံကိန်းအပြီးရလဒ်–နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးသို့တက်ရောက်လိုသူအများစုအတွက် သင်ယူမှုအခွင့် အလမ်းပိုမိုရရှိလာစေခြင်း။

– နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးကို မြို့ပြသင်ယူမှုအခွင့်အလမ်းအတိုင်း ကျေးလက်ဒေသများတွင်လည်း သင်ယူနိုင်သော အခွင့်အလမ်းများ ပိုမိုရရှိလာစေခြင်း။

– နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး တွင် အဆင့်တစ်ခုမှတစ်ခုသို့ ကူးပြောင်းချိတ်ဆက် သင်ကြားနိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိလာစေခြင်း။

– နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ကို တက်ရောက်သူများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ဆုများ ပိုမိုပေးရေး အစီအစဉ်များအကောင်အထည်ဖော်နိုင်ခြင်း။

– နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး မှ အဆင့်မြင့်ပညာရေးသို့ ကူးပြောင်းချိတ်ဆက် သင်ကြားနိုင်မည့်အခွင့်အလမ်းများ ပိုမိုရရှိလာစေခြင်း။

မဟာဗျူဟာ (၂) နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး အရည်အသွေးပိုမိုကောင်းမွန်စေရန်နှင့် လုပ်ငန်းခွင်လိုအပ်ချက် ကိုက်ညီစေရန် ဆောင်ရွက်ခြင်း။

အစီအစဉ် – နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ အရည်အသွေးပိုမိုကောင်းမွန်ရေး နှင့်လုပ်ငန်းခွင်လိုအပ်ချက် ကိုက်ညီစေရေး အစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းကျောင်းနှင့် ဆိုင်သော စီမံအုပ်ချုပ်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများဖွင့်လှစ်ခြင်း။

လုပ်ငန်းအစီအစဉ် (၂) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး၏ လုပ်ငန်းခွင်အကြို၊ လုပ်ငန်းခွင်ရောက် ဆရာများအတွက် သင်ကြားမှုအတတ်ပညာ သင်တန်းများနှင့်လက်တွေ့ ကျွမ်းကျင်မှု နည်းပညာသင်တန်းများဖွင့်လှစ်ခြင်း။

လုပ်ငန်းအစီအစဉ် (၃) အရည်အသွေးပြည့်ဝသော သင်တန်းဆင်းများဖြစ်လာစေရန်အတွက် သင်တန်းကျောင်းနှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအပြန်အလှန်သင်ကြားရေးအစီအစဉ် ဆောင်ရွက်ခြင်း။

လုပ်ငန်းအစီအစဉ် (၄) စာတွေ့နှင့် လက်တွေ့ အချိုးညီမျှပြီး ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး သင်ရိုးညွှန်းတမ်းများရေးဆွဲ ဖော်ထုတ်ခြင်း။

လုပ်ငန်းအစီအစဉ် (၅) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အရည်အသွေးမူဘောင်၊ အမျိုးသားကျွမ်းကျင်မှုစံများ၊ ကျွမ်းကျင်မှုအခြေပြု သင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်းနှင့် သင်တန်းကျောင်းများနှင့် တစ်ဦးချင်းစီကို အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်းလုပ်ငန်းဆောင်တာများပါဝင်သည့် အရည်အသွေးအာမခံမှုစနစ် ထူထောင်ခြင်း။

စီမံကိန်းအပြီးရလဒ် – နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး စီမံအုပ်ချုပ်သူများ၊ စီမံရေးရာဝန်ထမ်းများအနေဖြင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းကျောင်းများ၏ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်း။


– လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်ရောက် ဆရာများသည် ကျွမ်းကျင်မှုစံများနှင့်အညီ သင်ကြားနိုင်သော ဆရာများဖြစ်လာစေခြင်း။


– စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှလိုအပ်သော ကျွမ်းကျင်မှုနှင့် ကိုက်ညီသောသူများအဖြစ် လေ့ကျင့်သင်ကြားပေးနိုင်ခြင်း။

– ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော သင်ရိုးညွှန်းတမ်းများ ရေးဆွဲနိုင်ခြင်း။

– နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းကျောင်းများသည် အရည်အသွေး အာမခံချက်ရှိပြီး သင်တန်းပြီးဆုံးသွားသူများသည် ကျွမ်းကျင်မှုစံများနှင့် ကိုက်ညီသောသူများ ဖြစ်လာစေခြင်း။

ပုံ (၁၀.၃) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးလမ်းသွယ်များပြပုံ




TVET
ဝင်ခွင့်
အဆင့်မြင့်ပညာရေး
နည်းပညာနှင့်သက်မွေး
ပညာရေးနှင့်လေ့ကျင့်ရေးသိပ္ပံ
(နည်းပညာ၊ စိုက်ပျိုးရေး၊
မွေးမြူရေး၊ ခရီးသွားလုပ်ငန်း
စသည့်)
လုပ်ငန်းခွင်
ဝင်ခွင့်
ဝင်ခွင့်
အဆင့်မြင့်ပညာရေး
အလုပ်နှင့်
ဘဝတစ်သက်တာ
သင်ယူမှု
ဝင်ခွင့်
ကာလတိုသင်တန်း
လုပ်ငန်းခွင်
လုပ်ငန်းခွင်
ဝင်ခွင့်
အကြိုသင်တန်းပေး
အစီအစဉ်
4
အဆင့် ၄

မဟာဗျူဟာ (၃) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း။

အစီအစဉ် – နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ စီမံခန့်ခွဲရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ စီမံခန့်ခွဲမှု ထိရောက်ကောင်းမွန်လာစေရန်၊ ပြောင်းလဲနေသော လုပ်သားစျေးကွက်၏ လိုအပ်ချက်နှင့်အညီ အရည်အသွေးပိုမိုကောင်းမွန်လာစေရန်နှင့် သက်မွေးသင်တန်းတက်ရောက်မှု အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်ရန်အတွက် တစုတစည်းတည်းဖြစ်ပြီး ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းလာစေသော စနစ်တစ်ခုရေးဆွဲဖော်ဆောင်ခြင်း။

လုပ်ငန်းအစီအစဉ် (၂) နည်းပညာနှင့် သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးကောင်စီနှင့် ဒေသဆိုင်ရာ သက်မွေးပညာရပ် အကြံပေးအဖွဲ့များ ဖွဲ့စည်းတည်ထောင်ခြင်း။

လုပ်ငန်းအစီအစဉ် (၃) ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုနှင့်ပတ်သက်၍ အများပြည်သူများ ထင်သာမြင်သာ ရှိစေပြီး ထိထိရောက်ရောက် သုံးစွဲနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ကြီးကြပ်လမ်းညွှန်မှုစနစ် တစ်ခုဖော်ဆောင်ခြင်း။

လုပ်ငန်းအစီအစဉ် (၄) မြန်မာနိုင်ငံ၏ ပြောင်းလဲနေသော နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးစနစ်နှင့် လုပ်သားစျေးကွက်အခြေအနေများကောင်းမွန်စွာ သိရှိနားလည်နိုင်ရန်အတွက် လိုအပ်သောသတင်းအချက်အလက်များကောက်ယူစုစည်း၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ မူဝါဒချမှတ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် သတင်းအချက်အလက်စီမံခန့်ခွဲပုံစနစ်တစ်ခုဖော်ဆောင်ခြင်း။

လုပ်ငန်းအစီအစဉ်(၅)သက်ဆိုင်ရာတာဝန်ရှိသူများက မူဝါဒချမှတ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ကျွမ်းကျင်မှုအမျိုးအစားများ၊ ဒေသအလိုက် အလုပ်အကိုင်လိုအပ်ချက်များ၊ ဆရာလိုအပ်ချက်များ၊ သင်ကြားရေးနည်းစနစ်နှင့် သင်ထောက်ကူပစ္စည်းများ၊ ခေတ်မီသက်မွေးပညာရပ်များစသည်တို့နှင့် ပတ်သက်သော နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ လုပ်ဆောင်ခြင်း။

လုပ်ငန်းအစီအစဉ် (၆) အရည်အသွေးရှိသော နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုပေါ်ပေါက်လာစေရန်နှင့် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်အတွက် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

စီမံကိန်းအပြီးရလဒ် – ဝန်ကြီးဌာနအချင်းချင်း၊ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍများအချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်မှုကို နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးကောင်စီမှ ညှိနှိုင်းပေးခြင်း။

– လိုအပ်သော ဘဏ္ဍာငွေများကို အဆင်ပြေ ချောမွေ့စွာ သုံးစွဲနိုင်ရေးအတွက် ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပိုမိုထိရောက်ကောင်းမွန်လာစေခြင်း။

– သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် ပိုမိုကောင်းမွန်လာစေခြင်းနှင့် စီမံခန့်ခွဲသူများအနေဖြင့် သတင်းအချက်အလက် လေ့လာဆန်းစစ်ခြင်း၊ အထောက်အထားအခြေပြုအစီရင်ခံစာများ ရေးသားခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းများ ပိုမိုကောင်းမွန်စွာ လုပ်ဆောင်လာနိုင်ခြင်း။

– သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်ကိုယ်စားလှယ်များသည် လုပ်ငန်းစီမံချက်များနှင့် မူဝါဒများ ပိုမိုခိုင်မာလာစေရန်အတွက် သုတေသနပြုလုပ်ထားသော အချက်အလက်များကို အသုံးပြုလာနိုင်ခြင်း။

– အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး အရည်အသွေးနှင့်အခွင့်အလမ်း ပိုမိုကောင်းမွန်လာခြင်း။


DAE WON

၁၀.၉။ အဆင့်မြင့်ပညာရေး

အဆင့်မြင့်ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ အစိုးရအဖွဲ့အစည်း၊ စီးပွားရေးကဏ္ဍနှင့် စက်မှုလက်မှုလုပ်ငန်းစသည်တို့တွင် လိုအပ်နေသော အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်(Human Capital)ကိုပြုစုပျိုးထောင်ပေးရန် အဆင့်မြင့်ပညာကဏ္ဍတွင် တာဝန်ရှိပါသည်။ အဆင့်မြင့်ပညာကျောင်းများအနေဖြင့် ကမ္ဘာတစ်ဝန်းစီးပွားရေးယှဉ်ပြိုင်မှုများပြားသော လူမှုဝန်းကျင်တွင် လိုအပ်၍တီထွင်ဖန်တီးနိုင်စွမ်းရှိသည့် လူတို့၏စွမ်းဆောင်ရည်ကိုလည်း ဖွံ့ဖြိုးစေနိုင်ပါသည်။ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာစီးပွားရေးနယ်ပယ်တွင် ယှဉ်ပြိုင်နိုင်ရန် အတွက် မြန်မာ့အဆင့်မြင့်ပညာကျောင်းများအား မြင့်မား၍ထက်မြက်သော ပညာရပ်များကို ဖွံ့ဖြိုးစေလျက် အသိပညာထုတ်ကုန်များ (Knowledge production) ပိုမိုထုတ်လုပ်နိုင်မည့် ပြုပြင်ပြောင်းလဲမှုများဖြင့် အထောက်အကူပြုနိုင်ပါသည်။ ထို့အတူ အဆင့်အတန်းမြင့်မားသော သုတေသနဗဟိုဌာနများ ထူထောင်ဖွင့်လှစ်ပေးခြင်းဖြင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖော်ဆောင်နိုင်ပါမည်။

အဆင့်မြင့်ပညာရေးဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲ ပေါက်မြောက်အောင်မြင်စေရန် အပြန်အလှန်ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ (၃)ရပ်နှင့် အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပါမည်–

မဟာဗျူဟာ (၁) အဆင့်မြင့်ပညာရေး၏ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုအားကောင်းစေခြင်း။

အစီအစဉ်–အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်တိုးမြှင့်ရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) အလေ့အကျင့်ကောင်းများကိုမှတ်သားထားရန်နှင့် နိုင်ငံတကာတက္ကသိုလ်များ၊ သုတေသနဗဟိုဌာနများ၊ တခြားအဆင့်မြင့်ပညာကျောင်းများနှင့် မိတ်ဖက်များထူထောင်ရန် နိုင်ငံခြားလေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်း။

လုပ်ငန်းအစီအစဉ် (၂) အဆင့်မြင့်ပညာရေးအုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုတို့ကို တိုးတက်ကောင်းမွန်စေရန် တစ်ဦးချင်းအလိုက် ကျွမ်းကျင်မှုများကို တည်ဆောက်ရန်နှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များကို အားကောင်းစေရန် အမျိုးသားအဆင့်မြင့်ပညာဖွံ့ဖြိုးရေးကျောင်းတစ်ကျောင်း တည်ထောင်ခြင်း။

လုပ်ငန်းအစီအစဉ် (၃) တက္ကသိုလ်ပဋိညာဉ်စာတမ်းများရေးဆွဲခြင်းနှင့် တက္ကသိုလ်ကောင်စီများ ဖွဲ့စည်းခြင်းအားဖြင့် အဆင့်မြင့်ပညာကျောင်းများ၏ စီမံအုပ်ချုပ်မှုကို အားကောင်းစေခြင်း။

လုပ်ငန်းအစီအစဉ်(၄) ပိုမိုထိရောက်မှုရှိပြီး စွမ်းဆောင်ရည်ရှိသည့် စီမံခန့်ခွဲမှု၊ ကုန်ကျသည့် ငွေကြေးနှင့်အညီထိုက်တန်သော အကျိုးရလဒ်ရရှိမှုနှင့် အရည်အသွေးရှိ အဆင့်မြင့်ပညာသင်ယူခွင့် ထင်ရှားစွာ တိုးတက်လာစေရန် အဆင့်မြင့်ပညာကျောင်းများ၏ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်နှင့် တာဝန်ခံမှု အားကောင်းစေခြင်း။

လုပ်ငန်းအစီအစဉ် (၅) အဆင့်မြင့်ပညာရေးအတွက် အမျိုးသားအဆင့် အရည်အသွေးစံချိန်စံညွှန်းများ သတ်မှတ်ရာတွင် ဦးဆောင်ပေးရန်နှင့် အဆင့်မြင့်ပညာကျောင်းအားလုံး၏ အရည်အသွေးကို အာမခံသည့် စစ်ဆေးအကဲဖြတ်မှုများဆောင်ရွက်ရန် အဆင့်မြင့်ပညာအရည်အသွေးအာမခံမှုအေဂျင်စီတစ်ခု ဖွဲ့စည်းခြင်း။

စီမံကိန်းအပြီးရလဒ်– အရည်အသွေးပြည့်မီသော အဆင့်မြင့်ပညာသင်ယူခွင့်ကို ပိုမိုရရှိစေရန် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများရှိ အဆင့်မြင့်ပညာကျောင်းများမှ စီမံခန့်ခွဲရေးအရာထမ်းများ၏ပုံပိုးမှုဖြင့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုကို အားကောင်းစေခြင်း။

မဟာဗျူဟာ (၂) အဆင့်မြင့်ပညာ၏ ဆက်စပ်ဆီလျော်မှုနှင့် အရည်အသွေးမြင့်မားလာအောင် ဆောင်ရွက်ခြင်း။

အစီအစဉ် – အဆင့်မြင့်ပညာရေး၏ အရည်အသွေး၊ အလုပ်အကိုင်နှင့်ပညာရပ် ဆီလျော်မှုတို့ကို တိုးတက်ကောင်းမွန်စေရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) တက္ကသိုလ်သင်ကြားသင်ယူရေးကို အကျိုးပြုရန်နှင့်တက္ကသိုလ်မှ စီမံခန့်ခွဲသော ဝင်ငွေစီးကြောင်းများကိုဖွံ့ဖြိုးရန် အမျိုးသားသုတေသနနှင့် တီထွင်မှု ရန်ပုံငွေတစ်ရပ်နှင့်အတူ တက္ကသိုလ်များတွင် သုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာနများ တည်ထောင်ခြင်း။

လုပ်ငန်းအစီအစဉ် (၂) ကမ္ဘာ့အဆင့်မီ အမျိုးသားတက္ကသိုလ်များနှင့် ဘက်စုံတက္ကသိုလ်များ တည်ထောင်ရေးအတွက် မူဝါဒနှင့် မဟာဗျူဟာချမှတ်ခြင်း။

လုပ်ငန်းအစီအစဉ် (၃) ရွေးချယ်ထားသော အဆင့်မြင့်ပညာကျောင်းများရှိ အထောက်အပံ့ အသုံးအဆောင်ပစ္စည်းများကို အဆင့်မြှင့်တင်ခြင်း။

လုပ်ငန်းအစီအစဉ် (၄) အီလက်ထရောနစ် စာကြည့်တိုက်များနှင့် အီလက်ထရောနစ်သင်ယူမှုဗဟိုဌာနများ၏ အဆင့်အတန်းကိုမြှင့်တင်ခြင်း။

လုပ်ငန်းအစီအစဉ် (၅) အဝေးသင်ပညာရေးစနစ်၏ ထိရောက်မှုကို တိုးတက်စေခြင်း။

လုပ်ငန်းအစီအစဉ် (၆) အဆင့်မြင့်ပညာကျောင်းများမှ ဆရာများနှင့် ဓာတ်ခွဲစမ်းသပ်ခန်းကျွမ်းကျင်ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ပေးခြင်း။

စီမံကိန်းအပြီးရလဒ်– အဆင့်မြင့်ပညာကဏ္ဍရှိစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများသည် စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း။

– ဆရာများသည် သင်ကြားရေးနှင့် သုတေသန လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း။

မဟာဗျူဟာ (၃) အဆင့်မြင့်ပညာ သင်ယူခွင့် သာတူညီမျှရရှိမှုကို တိုးချဲ့ပေးခြင်း။

အစီအစဉ် – အဆင့်မြင့်ပညာ သင်ယူခွင့် သာတူညီမျှရရှိမှုကို တိုးချဲ့ရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ်(၁) အဆင့်မြင့်ပညာကျောင်းများ၌ သင်ကြားသင်ယူမှုဝန်းကျင်ကောင်းဖန်တီးခြင်း။

လုပ်ငန်းအစီအစဉ်(၂) ကျောင်းသားထောက်ပံ့ကြေးပေးရေးအစီအစဉ်များတိုးမြှင့်ခြင်း။

စီမံကိန်းအပြီးရလဒ်– ကျောင်းသားများ လူမှုစီးပွားနောက်ခံအခြေအနေကို ထည့်သွင်းစဉ်းစားရန်မလိုဘဲ အဆင့်မြင့်ပညာကို သာတူညီမျှလေ့လာသင်ယူခွင့်ရှိခြင်း။



၁၀.၁၀။ စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှု

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အထောက်အထားအခြေပြု လေ့လာဆန်းစစ်မှုများကို ဆောင်ရွက်ခဲ့ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများ ရရှိလာတည်တံ့ခိုင်မြဲမှုကို ပံ့ပိုးပေးနိုင်မည့် ပြောင်းလဲရေးဆိုင်ရာမဟာဗျူဟာမြောက်တွန်းအား (၅)ရပ်ကို ဖော်ထုတ်ခဲ့ပါသည်။ ထိုပြုပြင်ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာမြောက်တွန်းအား (၅)ရပ်မှာ–

(၁) ပညာရေးဝန်ကြီးဌာန အရည်အသွေးအာမခံမှုစနစ် (Ministry of Education Quality Assurance System–MQAS)

(၂) ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများ

(၃) စီမံခန့်ခွဲမှုဖွဲ့စည်းပုံ၊ စနစ်နှင့် အထောက်အပံ့ပစ္စည်းများ

(၄) လူစွမ်းအားအရင်းအမြစ်စွမ်းဆောင်ရည်

(၅) အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်း

အမျိုးသားပညာရေးဥပဒေ(၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅)တို့တွင် ပညာရေးဝန်ကြီးဌာနတစ်ခုလုံး၏ ပေါင်းစပ်ညှိနှိုင်းမှု၊ စီမံခန့်ခွဲမှုဖွဲ့စည်းပုံနှင့် စနစ်များကို ပိုမိုအားကောင်းစေရန် နိုင်ငံအဆင့် စုစည်းမှုရှိသော အနာဂတ်မျှော်မှန်းချက်တစ်ရပ်ကို ချမှတ်ထားပါသည်။ စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှုဆိုင်ရာ မဟာဗျူဟာမြောက်အပြောင်းအလဲပေါက်မြောက်အောင်မြင်စေရန် အပြန်အလှန် ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာ (၃)ရပ်နှင့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပါမည်–

မဟာဗျူဟာ (၁) ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများကို အားဖြည့်ဆောင်ရွက်ခြင်း။

အစီအစဉ် – တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအစီအစဉ်။

လုပ်ငန်းအစီအစဉ်(၁)ပိုမိုထိရောက်၍စွမ်းဆောင်ရည်ရှိသော ပညာရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းမှုကို ပံ့ပိုးရန် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပညာရေးကော်မတီများကို အားကောင်းလာစေခြင်း။

လုပ်ငန်းအစီအစဉ် (၂) အရည်အသွေးရှိသော အခြေခံပညာရေး၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေး၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ကဏ္ဍတို့ကို ဆောင်ရွက်ရာတွင်အရေးတကြီးဖြစ်လာသည့်စိန်ခေါ်မှုများကိုဖြေရှင်းနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

စီမံကိန်းအပြီးရလဒ်– အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သောပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၊ ပညာရေးနှင့် ဆက်စပ်ဆောင်ရွက်သူများ အားလုံးသည် ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်လာခြင်းဖြင့် အရည်အသွေးပြည့်ဝသော ပညာသင်ယူရန်အခွင့်အလမ်းများ ပိုမိုရရှိခြင်း။

မဟာဗျူဟာ (၂) ပညာရေးဆိုင်ရာ စီမံခန့်ခွဲမှုဖွဲ့စည်းပုံ၊ စနစ်နှင့် အထောက်အပံ့ပစ္စည်းများ အားကောင်းလာစေခြင်း။

အစီအစဉ် – ပညာရေးကဏ္ဍ စီမံခန့်ခွဲမှုစနစ်နှင့် အထောက်အပံ့ပစ္စည်းများဆိုင်ရာ အစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဦးစီးဌာနများအား ပံ့ပိုးရန်အတွက် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (NESP Coordination Committee)၊ စီမံကိန်းလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့များ (Programme Management Teams–PMTs)နှင့် NESPရုံးအဖွဲ့ (NESP Secretariat) တည်ထောင်ခြင်း။

လုပ်ငန်းအစီအစဉ် (၂) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းရေးဆွဲခြင်းနှင့် ရသုံးမှန်းခြေငွေစာရင်းပြုခြင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်း။

လုပ်ငန်းအစီအစဉ် (၃) အမျိုးသားပညာရေးစနစ်နှင့် စပ်လျဉ်း၍ အထောက်အထားအခြေပြုဆုံးဖြတ်ချက်များချမှတ်နိုင်ရန်အတွက် လူစွမ်းအားအရင်းအမြစ်သတင်းအချက်အလက်စနစ် (Human Resource Information System–HRIS) နှင့် ပညာရေးစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် (Education Management Information System–EMIS) ကို အားကောင်းအောင်ပြုလုပ်၍ Education Portal တစ်ခုထူထောင်ခြင်း။

လုပ်ငန်းအစီအစဉ် (၄) စီမံခန့်ခွဲသူ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အလွယ်တကူ အသုံးပြုနိုင်ရန်နှင့် စွမ်းဆောင်ရည် လေ့လာကြီးကြပ်ရေးဆိုင်ရာ အရေးကြီးသည့် အချက်အလက်များကိုတင်ပြရန် တပေါင်းတစည်းတည်း ပြုစုထားသည့် လုပ်ငန်းစွမ်းဆောင်ရည်လေ့လာကြီးကြပ်ခြင်းနှင့် တာဝန်ယူမှုစနစ် (PeMAS) ကို ရေးဆွဲ အကောင်အထည်ဖော်ခြင်း။

လုပ်ငန်းအစီအစဉ်(၅) နှစ်စဉ်ကဏ္ဍအလိုက် စွမ်းဆောင်ရည်ပြန်လည်သုံးသပ်ခြင်းနှင့် ဘဏ္ဍာငွေပြန်လည်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ပညာရေးကဏ္ဍ နှစ်စဉ်စီမံကိန်းရေးဆွဲမှုကို ပုံမှန်ဆောင်ရွက်ခြင်း။

လုပ်ငန်းအစီအစဉ် (၆) အမျိုးသားပညာရေးစနစ်၏ အဆင့်အသီးသီးတွင် ပညာရေးစီမံခန့်ခွဲမှု ပိုမိုထိရောက်ပြီး စွမ်းဆောင်ရည်ပြည့်ဝစေရန် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာအသစ်များကို စမ်းသပ်အသုံးပြုခြင်းနှင့် အခြေခံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာအထောက်အကူပစ္စည်းများ ပံ့ပိုးပေးခြင်း။

စီမံကိန်းအပြီးရလဒ်– အထောက်အထားအခြေပြုဆုံးဖြတ်ချက် ချမှတ်နိုင်ရန်နှင့် ကျောင်းများနှင့် ပညာသင်ယူရာဌာနများတွင် ၎င်းတို့၏ စွမ်းဆောင်ရည်အပေါ် တာဝန်ခံမှုရှိစေရန် ပညာရေးစီမံခန့်ခွဲသူများတွင် လုပ်ပိုင်ခွင့်ရှိလာခြင်း။

မဟာဗျူဟာ(၃) ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပညာရေးစီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။

အစီအစဉ် – ခေါင်းဆောင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုအစီအစဉ်။

လုပ်ငန်းအစီအစဉ် (၁) တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးများရှိ ပညာရေးစီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်လာစေရန် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း နှစ်စဉ်စွမ်းဆောင်ရည်မြှင့်တင်မှုစီမံကိန်း (Capacity Development Plan – CDP) ဆောင်ရွက်ခြင်း။


လုပ်ငန်းအစီအစဉ် (၂) ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးများ၏ ပညာရေးစီမံခန့်ခွဲသူများအား ပညာရေးစီမံခန့်ခွဲမှုသင်တန်းအစီအစဉ် ဆောင်ရွက်ခြင်း။

လုပ်ငန်းအစီအစဉ် (၃) တာဝန်ရှိပုဂ္ဂိုလ်များအား ခေါင်းဆောင်မှုနှင့် လမ်းညွှန်ပြသမှု အစီအစဉ် ဆောင်ရွက်ခြင်း။


စီမံကိန်းအပြီးရလဒ်– အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းလုပ်ငန်းအစီအစဉ်များနှင့် ဘဏ္ဍာရေးအစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပညာရေးစီမံခန့်ခွဲသူများတွင် အသိပညာနှင့် ကျွမ်းကျင်မှုများတိုးတက်ကောင်းမွန်လာခြင်း။

၁၁.၀။ အလုပ်အကိုင်နှင့် ဘဝတစ်သက်တာလေ့လာသင်ယူမှုဆိုင်ရာ ပညာရေးလမ်းသွယ်များ

ကျောင်းသားများ၏ အသက်မွေးဝမ်းကျောင်းနှင့် ဘဝတစ်သက်တာ သင်ယူမှုမျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင်ဆောင်ကြဉ်းပေးနိုင်မည့် ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးလမ်းသွယ်များကို ပညာရေးလမ်းသွယ်ပြုပုံကို ပုံ (၁၁.၁)တွင် ဖော်ပြထားပါသည်။ လာမည့် (၅)နှစ်မှ (၁၀)နှစ်အတွင်းအဆိုပါ ပညာရေးလမ်းသွယ်ပြုပုံတွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံတွင်းရှိ ကျောင်းသားအားလုံး နေရာဒေသမရွေး အရည်အသွေးရှိသော ပညာရေးလမ်းသွယ်များသို့ ဝင်ရောက်နိုင်သော အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ပါမည်။



ပုံ (၁၁.၁) ပညာရေးလမ်းသွယ်ပြပုံ



၁၂.၀။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအတွက် ဘဏ္ဍာငွေထောက်ပံ့ခြင်း

မကြာမြင့်သေးသည့်နှစ်များအတွင်း နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးအတွက် ပြည်သူ့ဘဏ္ဍာရေးအသုံးစရိတ်ကို တိုးမြှင့်ပေးခဲ့ပါသည်။ ပညာရေးကဏ္ဍ အသုံးစရိတ်ကို ၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ် အကြားတွင် ၃၅၁ ရာခိုင်နှုန်းခန့် တိုးမြှင့်ထားပါသည်။ ထို့ပြင် ပညာရေးကဏ္ဍတစ်ခုလုံးအတွက် သင်ကြားမှုအထောက်အကူပြုပစ္စည်းများနှင့် ကျောင်း အဆောက်အအုံ အသုံးအဆောင်ပရိဘောဂပစ္စည်းများစသည့် အရည်အသွေးကို အဓိကထားသော ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးဆောင်ရွက်ရာတွင် သိသာထင်ရှားသော ကြိုးပမ်းအားထုတ်မှုများကို မြင်တွေ့ခဲ့ရပါသည်။ ၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းများ၏ လစာကိုလည်း လေးဆနီးပါးမျှ တိုးမြှင့်ပေးခဲ့ပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် လာမည့် (၅)နှစ် (၂၀၁၆–၂၀၂၁)အတွင်းကုန်ကျမည့် ပညာရေးဆိုင်ရာ ပံ့ပိုးမှုအတွက် ကနဦးခန့်မှန်းခြေကို ဖြစ်နိုင်မှုအခြေအနေနှစ်ရပ်–လျော့နည်း၊ မြင့်မားဖြင့် တင်ပြထားပါသည်။ အခြေအနေတစ်ခုစီတွင် ဝန်ထမ်းများအတွက်ကုန်ကျစရိတ်များ၊ လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များ၊ ငွေလုံးငွေရင်း အသုံးစရိတ်များကဲ့သို့သော ပုံမှန်ကုန်ကျစရိတ်များနှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း မဟာဗျူဟာများ၊ စီမံကိန်းလုပ်ငန်းများနှင့် လုပ်ငန်းအစီအစဉ်များအတွက် ကုန်ကျစရိတ်များပါဝင်ပါသည်။

လျော့နည်းသည့် ဘဏ္ဍာငွေ ကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေတွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၌ပါရှိသည့် လုပ်ငန်းအစီအစဉ်များနှင့် မျှော်မှန်းရလဒ်များ အနက် ၈၀ ရာခိုင်နှုန်းကို အကောင်အထည်ဖော်မည်ဆိုပါကလာမည့် (၅) နှစ် (၂၀၁၆–၂၀၁၇ မှ ၂၀၂၀–၂၀၂၁ ထိ) အတွင်း ကုန်ကျနိုင်သည့် အသုံးစရိတ်ကို ဖော်ပြထားသည်။ အဆိုပါအခြေအနေတွင် ပညာရေးအတွက် နှစ်စဉ် အသုံးစရိတ်သည် လာမည့် (၅)နှစ်အတွင်း နှစ်ဆထက်မကမြင့်တက်လာပြီး (၁၄,၄၇၄,၆၆၃)ကျပ်သန်း ရှိလာမည်ဖြစ်သည်။ မြင့်မားသည့် ဘဏ္ဍာငွေ ကျခံမှုကြောင့် ဖြစ်ပေါ်လာမည့်အခြေအနေတွင် ပိုမိုမြင့်မားသော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းလုပ်ငန်း အစီအစဉ်များနှင့် စနစ်ဆိုင်ရာမျှော်မှန်းလျာထားချက်များ ပါဝင်ပါသည်။ အဆိုပါ အခြေအနေအတွက် စုစုပေါင်းကုန်ကျစရိတ်မှာ (၁၅,၃၀၀,၀၃၂) ကျပ်သန်း ဖြစ်သည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို ဘဏ္ဍာငွေထောက်ပံ့ခြင်းဆိုင်ရာဆန်းစစ်လေ့လာမှုမှ အဓိကတွေ့ရှိချက်မှာ ပညာရေးကဏ္ဍအားလုံး၌ အရည်အသွေးရှိသော ပညာရေးဝန်ဆောင်မှုများရရှိရန် အခွင့်အလမ်းမြှင့်တင်ပေးရာတွင် ခွင့်ပြုပြီးသားပညာရေးဘဏ္ဍာငွေများကို ပိုမိုထိရောက်စွာ အသုံးပြုခြင်းနှင့် ကဏ္ဍတစ်ခုလုံးအတွက် ရင်းနှီးမြှုပ်နှံမှုကို စဉ်ဆက်မပြတ်တိုးမြှင့်ခြင်းတို့ ပေါင်းစပ် လုပ်ဆောင်သွားရန် လိုအပ်သည် ဟူသောအချက်ဖြစ်ပါသည်။

၁၃.၀။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် (၂၀၁၆–၂၀၂၁) ကာလအတွက် ယေဘုယျမဟာဗျူဟာမြောက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တစ်ခုကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ သို့သော် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဖော်ပြထားသော ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာအကောင်အထည်ဖော်ရန်အတွက် (၅)နှစ်ထက်ပိုမိုကြာမြင့်နိုင်မည်ဖြစ်ကြောင်း သိရှိထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို အဆင့်အလိုက် အကောင်အထည်ဖော်သည့် နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆင့်–၁ (၂၀၁၆–၂၀၂၁)တွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာမြောက်အပြောင်းအလဲ (၉)ရပ်ကို ပေါက်မြောက်အောင်မြင်စေရန်အတွက် တိုက်ရိုက်အထောက်အကူပြုမည့် ဦးစားပေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်ပြီး အကောင်အထည်ဖော်ရန် အလေးထားဆောင်ရွက်မည်ဖြစ်ပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အဆင့်–၂ (၂၀၂၂–၂၀၂၇)တွင် အဆင့်–၁ မှ ဦးစားပေးပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာပြီးမြောက်အောင် ဆောင်ရွက်၍ အဆိုပါ မဟာဗျူဟာစီမံကိန်းရည်မှန်းချက်ပန်းတိုင်နှင့် ပြုပြင်ပြောင်းလဲမှုများ ပေါက်မြောက်အောင်မြင်စေရန်အလို့ငှာ လိုက်ဖက်သော ထပ်ဆောင်းပြုပြင်ပြောင်းလဲမှုများကို ဖြည့်စွက်ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အဆင့်– ၁ တွင် ပညာရေးဝန်ကြီးဌာနသည် နှစ်အလိုက် ဦးစားပေးဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဖော်ထုတ်မည်ဖြစ်ပြီး ၎င်းတို့ကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှစ်အလိုက် ဦးစားပေးလုပ်ငန်းများစီမံကိန်း (Annual Priorities Plan) တွင် စာရင်းပြုစုဖော်ပြထားမည်ဖြစ်သည်။ ဤလုပ်ငန်း အစီအစဉ်သည်မူဝါဒသစ်ထုတ်ပြန်ကြေညာချက်များ၊ စွမ်းဆောင်မှုဆိုင်ရာ အချက်အလက်အသစ်များ၊ သုတေသနတွေ့ရှိချက်များ၊ သဘာဝ ဘေးအန္တရာယ်ကဲ့သို့ မျှော်မှန်းမထားသည့်အခြေအနေများ စသည့် လွန်ခဲ့သော တစ်နှစ်တာကာလအတွင်း ပေါ်ပေါက်ခဲ့သော ပညာရေးကဏ္ဍ အဓိကအပြောင်းအလဲများနှင့်အညီ လုပ်ငန်းများကို ညှိနှိုင်းပြင်ဆင်ပြီး ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် ပညာရေးဝန်ကြီးဌာနအား အထောက်အကူပြုမည်ဖြစ်သည်။

ပြုပြင်ပြောင်းလဲမှု အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသအခြေအနေနှင့် လိုက်လျောညီထွေစွာ ပြောင်းလဲဆောင်ရွက်နိုင်ခြင်းသည် အရေးကြီးကြောင်း ပညာရေးစနစ် စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံများတွင် တွေ့ရှိရပါသည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနသည် အဆိုပါအရေးကြီးသောတွေ့ရှိချက်အား ထည့်သွင်းစဉ်းစား၍ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းနှစ်အလိုက် ဦးစားပေး လုပ်ငန်းများစီမံကိန်းကိုရေးဆွဲအကောင်အထည်ဖော်မည်ဖြစ်ပါသည်။





ပညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်၊









